# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၄၈)၊ ၁၃၈၇ ခုနှစ် ၊ ကဆုန်လဆန်း ၈ ရက် ၊ ၄-၅-၂၀၂၅၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ရှေးဟောင်းအဆောက်အအုံများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

မန္တလေး မေ ၃



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖုံ၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနနှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပလိပ်ဒေသ၊ မကွရာဒေသတို့ရှိ ရှေးဟောင်းအဆောက်အအုံများနှင့် တမုတ်ရွှေဂူကြီးဘုရားတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြွေဘုရားပရိဝုဏ်အတွင်းရှိ လျှောင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ရှေးဟောင်းအဆောက်အအုံများ၊ ကုန်းဘောင်ခေတ်လက်ရာ ရှေးဟောင်းအဆောက်အအုံ စေတီဘုရား (၁၀၅)ဆူတည်ရှိသော ပလိပ်မြို့ ဗန်းမော်ကျောင်းတိုက် ပရိဝုဏ်အတွင်း လျှောင်ဒဏ်ကြောင့် ရှေးဟောင်းအဆောက်အအုံစေတီဘုရား (၉၃) ဆူ ထိခိုက်ပျက်စီးမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ရှိ ကျောက်သေတ္တာစေတီ ခိုင်ခံ့စွာ ဆက်လက် တည်မြဲစေရေးအတွက် ဆောင်ရွက်နေမှု၊ ဆည်တော်နံ့ ရွှေမုဋ္ဌောစေတီ၊ တမုတ်ဒေသရှိ တမုတ်ရွှေဂူကြီးဘုရားတို့သို့ သွားရောက်၍ ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်မှာကြားပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွရာမြို့ဟောင်းသို့ သွားရောက်ခဲ့ပြီး ရွှေစည်းခုံစေတီတော်ကြီး၏လျှောင်ဒဏ်ကြောင့် ပျက်စီးမှုများကို ကြည့်ရှုပြီး လိုဏ်အတွင်းရှိ နံရံဆေးရေးပန်းချီများ ထိခိုက်မှုမရှိအောင် အသေးစိတ်စစ်ဆေး၍ ဂရုစိုက်ဆောင်ရွက်ကြရန်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပူးပေါင်းကြိုးကြပ်ကူညီဆောင်ရွက်ပေးရန် မှာကြားခဲ့ပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဘယ်ရီသီးဖျော်ရည်ထဲသို့ ငှက်ပျောသီးတစ်လုံးထည့်လိုက်လျှင် ဖလေဗနောဒြပ်ပေါင်းစုပ်ယူမှုကို ၈၄ ရာခိုင်နှုန်းအထိ လျော့ကျစေနိုင်



အမေရိကန်ပြည်ထောင်စု၊ ဒေးဗစ်မြို့၊ ကယ်လီဖိုးနီးယား တက္ကသိုလ်နှင့် ရီးဒင်းတက္ကသိုလ်တို့ မကြာသေးမီက ပူးပေါင်းလုပ်ဆောင်သော လေ့လာမှုတစ်ခုအရ ဘယ်ရီသီးဖျော်ရည်ထဲသို့ ငှက်ပျောသီးတစ်လုံး ထည့်လိုက်ခြင်းအားဖြင့် ဖလေဗနောဒြပ်ပေါင်း စုပ်ယူမှုကို ၈၄ ရာခိုင်နှုန်းအထိ သိသိသာသာ လျော့ကျသွားစေကြောင်း တွေ့ရှိခဲ့သည်။

ဖလေဗနောများသည် လူ့နှလုံးနှင့် ဦးနှောက်ကျန်းမာရေးကို ထောက်ပံ့ပေးသည့် သဘာဝဒြပ်ပေါင်းများဖြစ်ရာ တစ်နေ့လျှင် ၄၀၀-၆၀၀ မီလီဂရမ် စားသုံးရန် အာဟာရနှင့် အစာအာဟာရ အကယ်ဒမီက အကြံပြုထားသည်။

ဖလေဗနောချို့တဲ့ခြင်းသည် အထူးသဖြင့် အသက်ကြီးသူ များတွင် ဉာဏ်ရည်ကျဆင်းမှုနှင့် နှလုံးသွေးကြောလုပ်ငန်း ဆောင်တာများ ညှံ့ဖျင်းခြင်းတို့နှင့် ဆက်စပ်နေသည်။

ဖလေဗနောကို လုံလောက်စွာ မစားသုံးလျှင် နှလုံးသွေးကြော ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ပြီး အသက်ကြီးသူများတွင် ဖလေဗနောချို့တဲ့ခြင်းသည် ဉာဏ်ရည်ကျဆင်းမှုနှင့်လည်း ဆက်စပ်နေသည်ဟု ရီးဒင်းတက္ကသိုလ်မှ အာဟာရနှင့် အစားအသောက် သိပ္ပံပါမောက္ခ ပူးတွဲသုတေသီ ဂန်တာခွန်းလီက ရှင်းလင်းပြောကြားကြောင်း သိရသည်။

(SCI)

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၃

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရခိုင်ပြည်နယ်တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ် ၊ မေ ၄ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

# ရိုသေလေးစားခြင်းသည် မင်္ဂလာမည်၏

ပူဇာစပူဇနေယျာနံ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်။ ပူဇော်ထိုက်သော ရတနာသုံးပါး၊ မိဘ၊ ဆရာသမားနှင့် မိမိထက် အသက်၊ ဂုဏ်၊ သိက္ခာကြီးသူများသည် ပူဇော်ထိုက်သောသူများဖြစ်သည်။ ရတနာသုံးပါး၊ မိဘ၊ ဆရာသမားများကို ပူဇော်ခြင်းမှာ ဆိုဖွယ်ရာမရှိပြီ။ အသက်၊ ဂုဏ်၊ သိက္ခာကြီးမြင့်သော သူတို့ကိုရတနာသုံးပါး၊ မိဘ၊ ဆရာသမားများကဲ့သို့ သဘောထားခြင်းဖြစ်သည်။ ပူဇော်ရာတွင် အာမိသပူဇာ ဝတ္ထုပစ္စည်းတို့ဖြင့် ပူဇော်ခြင်း၊ ဓမ္မပူဇာ အကျင့်တရားဖြင့် ပူဇော်ခြင်းတစ်မျိုးမျိုးဖြင့် ပူဇော်ခြင်းသည် မင်္ဂလာတရားမည်ပါသည်။ ဂါရဝေါစ ရိုသေထိုက်သူတို့ကို ရိုသေခြင်းဆိုရာ၌ ရိုသေခြင်းဟူသည် လေးလေးစားစား အမြတ်တနိုးပြုမူဆောင်ရွက်ခြင်း၊ အလေးထား ဂရုစိုက်ခြင်းဖြစ်သည်။

အလေးထားလေးစားထိုက်သူတို့မှာ ရဟန်းသံဃာများ၊ ဆရာ၊ မိဘ၊ ဘိုးဘွား၊ ဘကြီး၊ အဒေါ်၊ အစ်ကို၊ အစ်မတို့နှင့် မိမိတို့ထက် အသက်၊ ဂုဏ်၊ သိက္ခာကြီးသူများဖြစ်သည်။ ထိုပုဂ္ဂိုလ်များကို အာမိသပူဇာ၊ ဓမ္မပူဇာတို့အပြင် ထိုပုဂ္ဂိုလ်များကိုတွေ့လျှင် လမ်းရှောင်ပေးခြင်း၊ ကား၊ ရထားစသည်တို့၌ မိမိနေရာကို ဖယ်ပေးခြင်း၊ ထိုသူတို့အနီးမှ ဖြတ်သွားလျှင် ခပ်ယို့ယို့ကုန်း၍သွားခြင်း၊ လက်နှစ်ဖက်ဖြင့် လေးလေးစားစား ပေးခြင်း၊ ယူခြင်း၊ ထိုသူတို့၏ အထက်အမြင့်နေရာ၌ မထိုင်ခြင်းသည် ရိုသေလေးစားထိုက်သူကို ရိုသေလေးစားခြင်းဖြစ်သည်။ ထိုသို့ရိုသေလေးစားခြင်းသည် မင်္ဂလာမည်ပါပေသည်။ နိဝါတောစ မာန်မာန မရှိရခြင်းဆိုသည်မှာ ရိုသေလေးစားသော အမူအရာရှိရုံမျှသာ မဟုတ်သေးဘဲ မိမိ၏ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးလုံးကို နှိမ့်ချထားခြင်းဖြစ်၍ မင်္ဂလာတရားမည်ပါပေသည်။

မြတ်စွာဘုရားရှင် ဟောကြားထားတော်မူသော မင်္ဂလာတရားတော်နှင့် အစဉ်အဆက် လိုက်နာကျင့်သုံးလာခဲ့သည့်နိုင်ငံဖြစ်သည်။ (၃၈)ဖြာ မင်္ဂလာတရားတို့ကို ပြုကျင့်လိုက်နာသူတို့သည် အရာရာ ရန်ဟူသမျှတို့ကို အရှုံးမရှိ အနိုင်ရ၍ မည်သည့် အရပ်တွင်မဆို ချမ်းသာသုခအမျိုးမျိုးတို့ကို ရရှိပိုင်ဆိုင်နိုင်သည်။ မင်္ဂလာတရား (၃၈)ပါးတို့ကို လိုက်နာကျင့်ကြံသူတို့အတွက် ကြီးပွားချမ်းသာကြောင်းဖြစ်၍ မင်္ဂလာတရားတော်များနှင့်အညီ ကျင့်ကြံလိုက်နာ နေထိုင်ကြရမည်ဖြစ်သည်။ မင်္ဂလာတရားတော်များကို လိုက်နာကျင့်သုံးခြင်းသည် လောကလူသားများ ကောင်းကျိုးချမ်းသာဖြစ်စေပြီး မင်္ဂလာတရားများကိုမကျင့်သုံးပါက ဆုတ်ယုတ်ပျက်စီးသော အကြောင်းတရားများ ဖြစ်စေသည်။

ယဉ်ကျေးစွာ ပြုမူပြောဆိုတတ်စေရန် လူကြီးသူမတို့က ငယ်ရွယ်စဉ်ကတည်းက သင်ကြားပေးလျက်ရှိသည်။ ကလေးငယ်များကို ငယ်စဉ်ကတည်းက စနစ်တကျဖြင့် လူ့လောကတွင် လူအများနည်းတူ အောင်မြင်စွာ နေထိုင်ပြောဆိုတတ်စေရန်နှင့်မှတ်ဖွယ်မှတ်ရာ အသိအလိမ္မာတို့ကို လက်ခံရယူလိုက်နာကျင့်သုံးတတ်စေရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သော လူမှုဆက်ဆံရေးကို မင်္ဂလာတရားတော်နှင့်အညီ လေ့ကျင့်သင်ကြားပေးနေကြသည်။

မင်္ဂလာတရားတော်ကို ကလေးဘဝမှာပင် သင်ကြားပေးခဲ့ခြင်းက ရိုသေလေးစားထိုက်သူကို ရိုသေပြီး ၎င်းတို့၏ အနာဂတ်ဘဝတစ်လျှောက်လုံးတွင် လူမှုဆက်ဆံရေး၊ ဘဝအောင်မြင်ရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ အကျိုးရလဒ်အားဖြင့် ကြီးပွားချမ်းသာကြောင်းနှင့် မကောင်းမှုဟူသမျှတို့ကို ပယ်ဖျောက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေပေးအပ်လှူဒါန်း

**မန္တလေး မေ ၃**

မန္တလေးငလျင်ကြီးကြောင့် မန္တလေးမြို့တွင် ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်(ငလျင်)ဘေးဒဏ်ခံရသော ပြည်သူများအား ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန် အတွက် ချမ်းမြရွှေပြည်ကားကွင်း မိသားစုက အလှူငွေကျပ်သိန်း ၂၀ ကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးသို့ လာရောက်လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းနှင့် တာဝန်ရှိသူများက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**(မန္တလေးနေ့စဉ်-၃)**



## ငလျင်ဒဏ်သင့်ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး မေ ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ အကွက်(၄၁)၊ ၂ လမ်း၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ ပြည်သူ့ဆေးရုံမြောက်ဘက်တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို မေ ၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်၊ အကွက်(၅၄၉)၊ ၃၄လမ်း၊ ၈၅ လမ်းနှင့် ၈၆ လမ်းကြား၊ မလွန်ရေတွန်းစက်ရုံဘေး၊ ချမ်းမြသာစည်မြို့နယ်၊ ဘဘ-၁၁၊ မြရည်နန္ဒာရပ်ကွက်၊ ၄၈လမ်းနှင့် ၄၉လမ်းကြား၊ ၁၁၄ လမ်းတို့တွင်လည်းကောင်း၊ မေ ၅ ရက်တွင် မဟာအောင်မြေမြို့နယ် တက္ကသိုလ်ရပ်ကွက်၊ ၇၃ လမ်း တက္ကသိုလ်လေ့ကျင့်ရေးတပ်ရှေ့၊ ပြည်ကြီးတံခွန်မြို့နယ် ၁၂၆ လမ်း၊ ၅၈ လမ်း၊ ၅၈ အေလမ်းကြား၊ (စ) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် လည်းကောင်း၊ မေ ၆ ရက်တွင် အောင်မြေသာစံမြို့နယ် ၁၉ လမ်း၊ ၈၉ လမ်းနှင့် လမ်း ၉၀ ကြား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၊ အမရပူရမြို့နယ် အိုးတော်ရပ်ကွက်၊ အမှိုက်စုရပ်မယ်ဇယ်တန်းအနီးတို့တွင် လည်းကောင်း၊ မေ ၇ ရက်နေ့တွင် ချမ်းအေးသာစံမြို့နယ်၊ ၇၂လမ်း၊ လမ်း၃၀ နှင့် ၃၁ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၂) ရပ်ကွက်၊ ၇၃ လမ်း၊ ၁၀၇ လမ်းနှင့် ၁၀၈လမ်းကြား၊ မြန်မာ သတင်းအချက် အလက်နှင့် နည်းပညာတက္ကသိုလ်ရှေ့တွင်လည်း ကောင်း၊ မေ ၈ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၈ လမ်းနှင့် ၃၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂ လမ်းနှင့် ၅၃ လမ်းကြားတို့တွင် လည်းကောင်း၊ မေ ၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ ၇၁ လမ်း နှင့် ၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ အမရပူရမြို့နယ်၊ ဈေးချိုတော်ရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွမ္ဘာရုံ၊ စစ်ကိုင်း-မန္တလေးအရှေ့ဘက်တို့တွင် လည်းကောင်း၊ မေ ၁၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂လမ်းနှင့် ၄၃ လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ (ဆဆ-၆)၊ ၁၀၆ လမ်း၊ ၅၂ လမ်းနှင့် ၅၃ လမ်းကြား၊ အောင်ပင်လယ်ရပ်ကွက်တို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**




**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdy-dailynew-spaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း နဂါးဘိလပ်မြေစက်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၊ နောင်တယားမြို့နယ်ခွဲရှိ နဂါးဘိလပ်မြေစက်ရုံသို့ ရောက်ရှိစစ်ဆေးသည်။

## ကြိုးစားဆောင်ရွက်ရမည်


ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပြည်သူများ၏ တိုက်တာနေအိမ် အဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများ၊ လမ်း၊ တံတားများ၊ ဘုရား၊ စေတီ၊ သာသနိက အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဘိလပ်မြေများသည် အရေးတကြီးလိုအပ်လျက်ရှိကြောင်း၊ ဘိလပ်မြေစက်ရုံများအနေဖြင့် တပ်ဆင်စက်စွမ်းအားကို အပြည့်အဝ လည်ပတ် ထုတ်လုပ်နိုင်ရေးအတွက်ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်စက်အရန်ပစ္စည်းများကိုလည်း ကြိုတင်ဝယ်ယူ ဖြည့်ဆည်းဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် စက်ရုံတိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်း အမြန်ဆုံးစီမံဆောင်ရွက်ပြီး တင်ပြပေးရန်နှင့် လုပ်ငန်းများဆောလျင်စွာ စတင်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ စက်ရုံတိုးချဲ့၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းရှိလူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည့်အပြင် ဒေသလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် စက်စွမ်းအားပြည့် လည်ပတ်၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတွက် အခက်အခဲ၊ လိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြပေးရန်နှင့် အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း မှာကြားသည်။



ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကုန်ကြမ်းထုံးကျောက်များ တူးဖော်ထုတ်လုပ်နေမှု၊ ထုံးကျောက်များ ကြိတ်ခွဲနေမှု၊ ထုတ်လုပ်သည့် ဘိလပ်မြေများ အရည်အသွေးပြည့်မီစေရေးအတွက် စမ်းသပ်စစ်ဆေးနေမှု၊ ဘိလပ်မြေများ ထုတ်လုပ်သည့်လုပ်ငန်းစဉ်အဆင့်ဆင့်၊ ထုတ်လုပ်ပြီး ဘိလပ်မြေများ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး အတွက် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းသော ဒီဇယ် မက်ထရစ်တန် ၁၈၀၀၀ အား လွှဲပြောင်းလက်ခံ




ရန်ကုန် မေ ၃

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ဒီဇယ် မက်ထရစ်တန် ၁၈၀၀၀ လွှဲပြောင်း လက်ခံခြင်းကို ယမန်နေ့နံနက်ပိုင်းက သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် Brighter Energy ဆိပ်ကမ်း၌ ပြုလုပ်သည်။

## လွှဲပြောင်းလက်ခံ

ထိုသို့လွှဲပြောင်းလက်ခံရာတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Counsellor ဖြစ်သူ Mr. Ouyang Daobing၊ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံခဲ့ကြသည်။

အဆိုပါ ရောက်ရှိလာသည့် ဒီဇယ်များကို ငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးကိစ္စများတွင် အသုံးပြုရန်အတွက် စွမ်းအင်ဝန်ကြီးဌာနက ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# PENANG INVITATIONAL JICA JUDO CHAMPIONSHIP 2025 ပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များရရှိခဲ့သည့် မြန်မာဂျူဒိုအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် မေ ၃

၂၀၂၅ ခုနှစ် ဧပြီ ၁၁ ရက်မှ ၁၃ ရက်အထိ မလေးရှားနိုင်ငံ ပီနန်းမြို့တွင် ကျင်းပခဲ့သည့် PENANG INVITATIONAL JICA JUDO CHAMPIONSHIP 2025 ပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များရရှိခဲ့သည့် မြန်မာဂျူဒိုအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများ၊ အောင်ပွဲရမြန်မာဂျူဒိုအားကစားအဖွဲ့မှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အောင်ပွဲရမြန်မာဂျူဒိုအားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် လေးခုနှင့် ကြေးတံဆိပ် သုံးခု စုစုပေါင်း ဆုတံဆိပ် ၁၂ ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများအပါအဝင် အားကစားသမားများကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အောင်မြင်မှုဆုတံဆိပ်များ ရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိကြောင်း၊ အားကစားသမားများအနေဖြင့် ယခုရရှိထားသည့် အောင်မြင်မှုများနှင့် ကျေနပ်နှစ်သိမ့်မနေဘဲ လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြား နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အလားတူ အောင်မြင်မှုများရရှိအောင် အစွမ်းကုန် ကြိုးစားလေ့ကျင့်သွားကြရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အုပ်ချုပ်၊ လေ့ကျင့်၊ ထောက်ပံ့မှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာဂျူဒိုအသင်း၏ အဖွဲ့ခေါင်းဆောင် အင်းစိန်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးအောင်မြင့်က ပြိုင်ပွဲသွားရောက်ယှဉ်ပြိုင်ခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် အသက် (၁၂)နှစ်အောက် -36 kg ပြိုင်ပွဲ မှ မအိချစ်ဆုစံ၊ -70 kg မှ မယွန်းဝတီစိုး၊ -57 kg မှ မပိုးအိအိလွင်၊ +70 kg မှ မနန်းသဲနုနုစံနှင့် -55 kg မှ မောင်ထိုက်ထိုက်ကျော်တို့ကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က လည်းကောင်း၊ ငွေတံဆိပ်ဆုရရှိခဲ့ကြသည့် အသက်(၁၀)နှစ်အောက် -24 kg မှ မောင်သျှန်ကောင်းဆက်ပိုင်နှင့် -28 kg မှ မောင်ကောင်းကင်မင်းစစ်တို့ကို ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း၊ -70 kg မှ မဖြိုးရွှေဇင်ကျော်နှင့် -32 kg မှ မောင်အောင်ဇေထက်တို့ကို ဒုတိယဝန်ကြီး ဦးထိန်လင်းက လည်းကောင်း၊ ကြေးတံဆိပ်ဆု ရရှိခဲ့ကြသည့် -38 kg မှ မောင်မြတ်ဘုန်းခန့်၊ -32 kg မှ မခေတ်စံနန်းထွဋ်၊ -81 kg မှ မောင်သန့်ဇင်ဝင်းအောင်၊ မြန်မာဂျူဒိုအသင်းအဖွဲ့ခေါင်းဆောင်နှင့် နည်းပြချုပ်တို့ကို မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက လည်းကောင်း၊ မြန်မာဂျူဒိုအသင်း ဒိုင်လူကြီးနှင့် နည်းပြ နှစ်ဦးတို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အောင်ပွဲရအားကစားသမားများ ကိုယ်စား အားကစားသမား မပိုးအိအိလွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားတက်ရောက်လာကြသူများကို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါပြိုင်ပွဲတွင် ဥရောပနိုင်ငံများမှ ကလပ်အသင်းများအပါအဝင် အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများမှ အားကစားသမား စုစုပေါင်း အင်အား ၅၃၀ အကြိတ်အနယ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာဂျူဒိုအသင်းအနေဖြင့် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် သုံးခု စုစုပေါင်း ဆုတံဆိပ် ၁၂ ခုကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၁)ကြိမ်မြောက် လှူဒါန်းသည့် Modular(prefabricated) house အလုံး ၃၄၀ လွှဲပြောင်းလက်ခံ

ရန်ကုန် မေ ၃

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၁)ကြိမ်မြောက် လှူဒါန်းသည့် စုစုပေါင်း တန်ချိန် ၁၃၅၅ တန်ရှိ Modular(prefabricated) house အလုံး ၃၄၀ တင်ဆောင်လာသည့် M/V DKILIOS သင်္ဘောသည် ယမန်နေ့ ညနေ ၄ နာရီ ၃၅ မိနစ်က သီလဝါ (MITT) ဆိပ်ကမ်းသို့ ရောက်ရှိသည်။




ထိုသို့ ရောက်ရှိလာသည့် Modular(prefabricated) house အလုံး၃၄၀ အား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက တရုတ်သံရုံး စီးပွားရေးသံမှူး Mr. Ouyang Daobing ထံမှ သီလဝါဆိပ်ကမ်း၌ လွှဲပြောင်းလက်ခံသည်။

အဆိုပါ Modular (prefabricated) house အလုံး ၃၄၀ ကို M/V DKILIOS သင်္ဘောပေါ်မှ ကုန်တင်ကားပေါ်သို့ ကရိန်းဖြင့်ချနေသည့် အခြေအနေများကို လည်းကောင်း၊ ငလျင်ဘေးသင့် ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာ့မီးရထားဖြင့် သယ်ယူပို့ဆောင်နိုင်ရေး ကုန်တင်ကားပေါ်မှ ရထားတွဲပေါ်သို့ ကရိန်းဖြင့် တင်ဆောင်နေသည့် အခြေအနေများကို လည်းကောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။ ဇွဲထက်ကို(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၃

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေး အဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ရွှေမုဋ္ဌောဘုရားဓမ္မာရုံ၌ ကျောက်သေတ္တာစေတီနှင့်ပတ်သက်၍ ကျောက်သေတ္တာကြီး မူလအခြေအနေမှတိမ်းစောင်းသွားမှုအခြေအနေ Video Clip မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးစဉ်။

## ကြည့်ရှုအားပေး

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော အင်းဝတံတား(စစ်ကိုင်း)ကို ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ရေးအတွက် မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)မှ ဦးဆောင်ပြီး အင်းဝတံတား(စစ်ကိုင်း) သံပေါင်များ ဆယ်ယူနေမှုများကို ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးကြသည်။ ထို့နောက် Grade-12 စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသားကျောင်းသူ ၁၂၈၀ အား စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများက ဘာသာရပ်အလိုက် သင်ခန်းစာများ အနီးကပ်သင်ကြားပို့ချနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဋာကောင်းမှုတော်စေတီ၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ဥမင်သုံးဆယ်စေတီ၊ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်မြတ်စွာဘုရား၊ ပိုးတန်းရပ်ကွက်ရှိဘေသဇ္ဇကျောင်းတိုက်၊ ထွင့်ခေါင်ရပ်ကွက်ရှိ ရတနာထွင့်ခေါင်စေတီ၊ နန်းဦးမြို့သစ်ရှိ မရှိခဏစေတီနှင့် မဟာစေတီလှတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများနှင့် အရန်စေတီများကိုတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင် ပြည်သူများနှင့် စေတနာရှင် ကုမ္ပဏီများက ပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက အခြေခံစားသောက်ကုန်များ ပေးအပ်ပြီး ကျောင်းဆောင်အတွင်း သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော အဆောက်အအုံများကို ဖယ်ရှားရှင်းလင်းနေမှုတို့ကို လည်းကောင်း၊ စစ်ကိုင်းမြို့ နန်းဦးမြို့သစ်နှင့် ပန်းပဲတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြပြီး ထုံးဘိုရပ်ကွက်ရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်းသို့ သွားရောက်၍ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့အတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံတို့ စစ်ကိုင်းပညာရေးတက္ကသိုလ်၌ G-12 စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသားကျောင်းသူများအား ကြည့်ရှုအားပေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ မန္တလေးတောင်တော်သို့ သွားရောက်၍ မန္တလေးတောင်တော် ဆုတောင်းပြည့် မြတ်စွာဘုရားအား ဖူးမြော်ပြီး ပန်း၊ ရေချမ်းများ ဆက်ကပ်ပူဇော်သည်။ ယင်းနောက် ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော မွန်းတည့်သိမ်ဘုရား ပြုပြင်နေမှုအခြေအနေများ၊ စန္ဒာမုခိဘုရား ပြုပြင်နေမှုအခြေအနေများ၊ ဆုတောင်းပြည့်ဘုရား ရင်ပြင်တော်ရှိ ဂန္ဓကုဋီတိုက်ပြုပြင်နေမှု၊ အမိုးခုံးတိုင်များ ပြုပြင်နေမှု၊ ဓာတ်လှေကား၊ စက်လှေကားများ ပြန်လည်ပြုပြင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

## မှာကြား

ထို့နောက် အရှေ့ဘက်စောင်းတန်းရှိ ဓာတ်တော်တိုက်နေရာ၊ မြတ်စောညီနောင် ဘုရားနှင့် ရသေ့ကြီးဦးခန္တီသီတင်းသုံးသော မဏ္ဍပ်နေရာ၊ နှစ်ကျိတ်ရှစ်ဆူဘုရား၊ ဗျာဒိတ်ပေးရပ်ပွားတော်မြတ်ကြီး နေရာများသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားရန် တို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းတိုးတက်မှု အခြေအနေများကို သွားရောက်ကြည့်ရှု၍ လုပ်ငန်းခွင် အန္တရာယ်မရှိစေရေး စနစ်တကျ ပြုလုပ် ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၆ သို့ ✪



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ ဆုတောင်းပြည့်ဘုရားပရိဝုဏ်အတွင်း ပြန်လည်ပြုပြင်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် အမရပူရမြို့နယ် မဟာဝိဇယရံသီ ပုထိုးတော်မြတ်ကြီးပရိဝုဏ်အတွင်း ပြန်လည်ပြုပြင်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ



နေပြည်တော် မေ ၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ၊ အမဲသား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၃၄ ရက်မြောက်အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

မတ် ၃၀ ရက်မှ မေ ၃ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဇလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဥဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ ဥပ္ပါတသန္တိဘုရားပရိဝုဏ်အတွင်းရှိလုံခြုံရေးဝန်ထမ်းများ၊ တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတို့ရှိ ဝန်ထမ်းများနှင့် ပြည်သူများအား ဆန်ခြောက်ပြည်ပါ (မနောသုခ- Export Quality) ၁၀၁၉၆ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၃၇၅ အိတ်၊ ဆီပိဿာ ၃၄၃၂၀၊ ဆား ၁၅၂၆ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၅၅၅၄ ထုပ်၊ ငါးပိ ၃၀၁ ပိဿာ၊ ကြက်သားအကောင် ၂၅၀၊ ဝက်သားပိဿာ ၂၀၊ အမဲသား ၂၅ ပိဿာ၊ ကြက်ဥအလုံး ၈၆၂၀၊ ဘဲဥအလုံး ၂၂၈၀၊ ငုံးဥအလုံး ၂၀၀၀၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပြဲခြောက်များ၊ ငါးကြင်းပိဿာ ၉၀၊ ငါးတန်ပိဿာ ၉၀၊ ငါးမုတ်ပိဿာ ၇၀၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ခရမ်းချဉ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ခရမ်းသီးနှင့် မုန်ညင်းဖြူ စသည့်ဟင်းသီးဟင်းရွက်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၃၁၁ အိတ်၊ စားအုန်းဆီ ၄၈၉၃ ပိဿာ၊ ဆား ၇၃ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၃၇၄ ထုပ်၊ ငါးပိ ၂၃ ပိဿာ၊ ကြက်သွန်နီ ၅၇၃ ပိဿာ၊ အသားတု ၂၇ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုဇွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၆၂၉ အိတ်၊ စားအုန်းဆီပိဿာ ၆၁၆၀၀၊ ဆား ၅၅ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၉၁ ထုပ်၊ ငါးပိ ၂၁ ပိဿာ၊ ငါးနီတူခြောက်၊ အာပြဲခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၃

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် ဧပြီ ၃ ရက်အထိ သေဆုံးသူ ၃၇၇၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၅ ဦးနှင့် ပျောက်ဆုံးသူ ၉၃ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၈၈ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၂ ရက် ညနေ ၅ နာရီမှ မေ ၃ ရက် ညနေ ၅ နာရီအတွင်း ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်းက ထောက်ပံ့ပေးသည့် ကလေးအသုံးအဆောင်ပစ္စည်းများ သုည ဒသမ ၇၇၇ တန်၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး United Nations High Commissioner for Refugees (UNHCR) ကထောက်ပံ့ပေးသည့် မီးဖိုချောင်သုံးပစ္စည်းများ ၁၀ ဒသမ ၁ တန်နှင့် မြန်မာ-ထိုင်ဝမ်ကုန်သည်ကြီးများအသင်းက ထောက်ပံ့ပေးသည့် ရွက်ဖျင်တဲနှင့် အဝတ်အထည် ၁ ဒသမ ၃၄၉ တန် ရောက်ရှိခဲ့ပြီး ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား သင်ကြားမည့် ဆရာ ဆရာမများကို တက္ကသိုလ်များမှ ပါမောက္ခများက လာရောက်ပို့ချ



နေပြည်တော် မေ ၃

ပြည်ထောင်စု နယ်မြေ နေပြည်တော်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအားသင်ကြားမည့် ဆရာဆရာမများကို တက္ကသိုလ်များမှ ပါမောက္ခများက လာရောက်ပို့ချသည့် (TOT)သင်တန်းအား အထက(၅)နှင့်အထက(၆) ဇမ္ဗူသီရိမြို့နယ်တွင် မေ ၂ ရက်မှ ၄ ရက်အထိ ကျင်းပလျက်ရှိသည်။

လာရောက် ပို့ချသော Naypyitaw State Acadamy၊ ပုသိမ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပဲခူးတက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့မှ ပါမောက္ခကြီးများအားကြိုဆိုပွဲကို ဇမ္ဗူသီရိမြို့နယ် အထက(၅)၌ မေ ၂ ရက်က ကျင်းပသည်။

**အနီးကပ်ပို့ချသွားမည်**

TOT သင်တန်းသုံးရက် ပြီးစီးပါက မေ ၅ ရက်မှ ၇ ရက်အထိ နေပြည်တော် ရှစ်မြို့နယ်သို့ ပါမောက္ခကြီးများ ကိုယ်တိုင်သွားရောက်ကာ ကျောင်းသား ကျောင်းသူများအား သုံးရက်တာ အနီးကပ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုကိုရှပ(နေပြည်တော်)

◎ စာမျက်နှာ ၅ မှ

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အနောက်ထီးလင်းတိုက်၊ အမရပူရမြို့နယ်ရှိ မဟာဝိဇယရံသီ ပုထိုးတော်မြတ်ကြီး မြတ်စွာဘုရား၊ ကျောက်တော်ကြီး မြတ်စွာဘုရားနေရာများရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက် နိုင်ရေးတို့အတွက် တာဝန်ရှိသူများကို မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ အလက(၂၀)သို့ သွားရောက်ပြီး ငလျင်ဒဏ်သင့် ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ရွှေမုဋ္ဌော ဘုရားဓမ္မာရုံ၌ ကျောက်သေတ္တာစေတီနှင့်ပတ်သက်၍ ကျောက်သေတ္တာကြီး မူလအခြေအနေမှ တိမ်းစောင်းသွားမှု အခြေအနေ၊ လက်ရှိတည်ရှိနေမှု အခြေအနေများကို ဒရုန်းဖြင့်ရိုက်ကူးထားသော Video Clip များ၊ မှတ်တမ်းဓာတ်ပုံများကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး အင်ဂျင်နီယာကောင်စီမှ ပြန်လည်ပေးပို့လာသော ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသေးစိတ် ဆွေးနွေးကြသည်။

ထို့နောက် ကျောက်ဆည်မြို့ မင်းရဲဆည်မှ မင်းရဲမြောင်းနှင့် တမုတ်မြောင်း တစ်လျှောက် ရေပေးဝေမှု အခြေအနေများ၊ ဆည်ပေါင်မြေထိန်းနံရံ ပျက်စီးမှုအခြေအနေများ၊ မင်းရဲမြောင်းနှင့် တမုတ်မြောင်းတစ်လျှောက် မြောင်းမြေထိန်းနံရံ ကြံ့ခိုင်မှုအခြေအနေများနှင့် ဇော်ဂျီမြစ် မြေထိန်းနံရံများ မိုးမကျမီ ပြန်လည်ပြုပြင် ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ ဈေးတန်းရပ်ကွက်ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိအဆောက်အအုံနှစ်လုံးကို စက်ယန္တရားဖြင့် ရှင်းလင်း ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင် အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများကို SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၅၆၀၇ လုံး စစ်ဆေး ဆောင်ရွက်ခဲ့သည်။ ပြန်လည်ပြုပြင် နေထိုင်နိုင်မည့် အဆောက်အအုံ ၅၃၂၃ လုံး၊ ဦးစားပေး ဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ ၂၈၄ လုံးအနက် အဆောက်အအုံ ၂၁၉ လုံးကို ရှင်းလင်းဆောင်ရွက်နိုင်ခဲ့သည်။ ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၆၅ လုံးရှိကြောင်း သိရသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် ရှမ်းကန် ကျေးရွာအုပ်စုရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)သို့ သွားရောက်စစ်ဆေးပြီး ပျက်စီးသွားသော စာသင်ဆောင်များကို အမြန်ပြုပြင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနသို့ အမြန်ဆုံးတင်ပြ၍ လမ်းညွှန်မှု ခံယူသွားရန်၊ သင်ထောက်ကူ ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းထားရှိရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဆင်သေလက်ယာမြောင်းမကြီးနှင့် လက်ဝဲမြောင်းမကြီးအတွင်းသို့ ရေခေါ်မြောင်းတူးဖော်၍ စိုက်ပျိုးရေပေးဝေ

နေပြည်တော် မေ ၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဖိုလ်ဖိုလ်ကျော်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ဆင်သေရေလွှဲဆည်၏ လက်ဝဲမြောင်းမကြီး၊ လက်ယာမြောင်းမကြီးများမှတစ်ဆင့် လက်တံမြောင်းခွဲများသို့ ရေပို့လွှတ်နေမှု၊ ရေသောက်ဧရိယာအတွင်းရှိ နွေစပါးနှင့် နွေသီးနှံစိုက်ခင်းများသို့ စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဆည်ရေသောက်တောင်သူများနှင့် တွေ့ဆုံ၍ ဆင်သေဆည်ရေသောက်စနစ်အတွင်းရှိ နွေစပါးနှင့် နွေသီးနှံ လျာထားဧရိယာများအားလုံးသို့ စိုက်ပျိုးရေ အမြန်ဆုံးနှင့်အချိန်မီ ရောက်ရှိစေရေးအတွက် တောင်သူများကိုယ်တိုင်ကလည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးမှု အနည်းဆုံးဖြင့် စနစ်တကျ စီမံဆောင်ရွက်ကြရန်နှင့် တောင်သူများအားလုံး စိုက်ပျိုးရေကို မျှတစွာခွဲဝေသုံးစွဲကြရန် မှာကြားသည်။



ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆင်သေရေလှောင်တမံမှ ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါး/နွေသီးနှံ မူလလျာထား ဧက ၈၀၀၀ ကျော်ရှိရာ မန္တလေးလျှင်ကြီးအပြီး မေ ၂ ရက်အထိ ဧက ၇၀၀၀ ကျော် စိုက်ပျိုးရေပြန်လည် ပေးဝေနေပြီ ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်ကြောင့် ရေသောက်စနစ်များ ပျက်စီးထိခိုက်ခဲ့သဖြင့် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာအနီးရှိ နွေစပါးစိုက်ခင်းများသို့ ဆည်ရေအချိန်မီမရောက်ရှိသည့်အတွက် သီးနှံအထွက်နှုန်း လျော့ကျမှုမရှိစေရေး လိုအပ်သည့်နည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနက တောင်သူစိုက်ကွင်းအရောက် ကွင်းဆင်းဖြန့်ဝေပေးကြရန်၊ မြေအောက်ရေနှင့် ဆိုလာတွင်းများအနီးရှိ စိုက်ဧကများတွင် မိုးစပါးစိုက်ပျိုး၍ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံရေလိုအပ်ချက်အတိုင်း စိုက်ပျိုးရေပေးဝေရန်၊ နွေစပါးအပြင် အထွက်နှုန်းကောင်းသော စီးပွားဖြစ်သီးနှံများစိုက်ပျိုးနိုင်ရေး တောင်သူများကို မြေပုံနှင့်တကွ ရှင်းပြတိုက်တွန်း ပညာပေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## သုံးခွမြို့နယ် အဇန်းတောစွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၃

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အဇန်းတောစွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် လေးပါးနှင့် ဒေသခံပြည်သူ ၁၅၆ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြောင်း သိရသည်။

သတင်းစဉ်

## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

နေပြည်တော် မေ ၃

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ်မြေခံ သင်တန်းကျောင်းရှိစက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

### ပေးအပ်ချီးမြှင့်

ဆုပေးပွဲ၌ ပြိုင်ပွဲအမျိုးအစားအလိုက် ပစ်ခတ်စဉ်များတွင် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက် ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသည့်အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲအား တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဧပြီ ၂၈ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မန္တလေးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ သင်ယူလျက်ရှိ

နေပြည်တော် မေ ၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ် ပါမောက္ခချုပ်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို အေးချမ်းစွာအနီးကပ် သင်ယူနေမှုများအား လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည်များ မှာကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး တက္ကသိုလ်ဝင် စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားပေးမည့် တက္ကသိုလ်များမှ ပါမောက္ခ၊ ဆရာ ဆရာမများအား တွေ့ဆုံကာ ယခုကဲ့သို့ သဘာဝဘေးဒဏ်ခံခဲ့ရ၍ စာမေးပွဲပြန်လည်ဖြေဆိုကြရမည့် ကျောင်းသား ကျောင်းသူများအတွက် စေတနာမေတ္တာများဖြင့် လာရောက်သင်ကြားပြသပေးနေခြင်းသည် အလွန်မွန်မြတ်သော ပညာဒါနကြီး တစ်ခုပင်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၊ မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်လေးခုမှ ကျောင်းသား ကျောင်းသူများအားလုံး တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုနိုင်ရေးအတွက် ဝိုင်းဝန်းတိုက်တွန်းနှိုးဆော်ပေးကြစေလိုပါကြောင်း ပြောကြားကာ ဆရာ ဆရာမများအား ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းအလိုက် ဘာသာရပ်ဆိုင်ရာ အနီးကပ် သင်ကြားပို့ချပေးနေမှုများကို လိုက်လံကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ကျောက်ဆည်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ မြို့မအခြေခံပညာအထက်တန်းကျောင်း၊ မိတ္ထီလာမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း (ရှမ်းတဲ)၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ပျော်ဘွယ်မြို့ အမှတ် (၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းရှိ စာသင်ခန်းများသို့ သွားရောက်၍ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုအားပေးကာ တက္ကသိုလ်ပါမောက္ခ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရခြင်းအခြေအနေ၊ အမှတ်ကောင်းကောင်းဖြင့် အောင်မြင်စေရေး မိဘများက ပံ့ပိုးပေးရန်လိုအပ်မှု အခြေအနေများကို ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကမ္ဘာလုံးဆိုင်ရာ အကောက်ခွန်များ စတင်ကျင့်သုံးခဲ့ပြီးနောက် ဝေါလ်စထရီဈေးကွက်၌ အမေရိကန်စတော့များ ဈေးမြင့်တက်




**ဝါရှင်တန် မေ ၃**

အမေရိကန်သမ္မတ ဒေါ်နယ်လ် ထရမ့်သည် လွန်ခဲ့သော တစ်လအကြာက ကမ္ဘာ့လုံးဆိုင်ရာ အကောက်ခွန်များ စတင်ကျင့်သုံးခဲ့ပြီးနောက် ရှုံးနိမ့်မှုများကို ပြန်လည်ရယူနိုင်ခဲ့ပြီး ဝေါလ်စထရီဈေးကွက်တွင် အမေရိကန်စတော့များအတွက် နှစ်နှစ်ဆယ်အတွင်း အရှည်လျားဆုံး အနိုင်ရမှုအဆင့်သို့ ယမန်နေ့က ရောက်ရှိလာခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အလုပ်အကိုင်အစီရင်ခံစာတွင် မျှော်မှန်းထားသည်ထက် ပိုမိုကောင်းမွန်သော အချက်အလက်များနှင့် အမေရိကန်-တရုတ် ကုန်သွယ်ရေးဆွေးနွေးပွဲများအပေါ် မျှော်လင့်ချက် မြင့်တက်လာမှုတို့ကြောင့် စတော့ဈေးနှုန်းများ ၂၀၀၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် နဝမမြောက်နေ့ထိဆက်တိုက် မြင့်တက်နေခဲ့ခြင်းဖြစ်သည်။

မေ ၂ ရက် ဈေးကွက်ပိတ်ချိန်၌ အမေရိကန်၏ အဓိက ဈေးကွက်အညွှန်းကိန်းများအားလုံး မြင့်တက်လာခဲ့ရာ အက်စ်အင်န်ပီ ၅၀၀နှင့် နတ်စဒက်တို့သည် ၁ ဒသမ ၅ ရာခိုင်နှုန်းထိ အသီးသီးတက်ခဲ့ပြီး ဒေါဂျုန်းစ်စက်မှုပျမ်းမျှအညွှန်းကိန်းမှာ ၁ ဒသမ ၄ ရာခိုင်နှုန်းတက်ခဲ့သည်။

နည်းပညာစတော့များ အမြင့်ဆုံးတိုးတက်မှုရှိခဲ့ပြီး မိုက်ခရိုဆော့ဖ်နှင့်အင်န်ဗီးဒီးယား ၂ ရာခိုင်နှုန်းကျော် ကြီးထွားလာခဲ့သည်။

ထိုသို့ဖြစ်ရခြင်းမှာ အမေရိကန်အလုပ်ရှင်များက ဧပြီလအတွင်း အလုပ်သစ် ၁၇၇,၀၀၀ ခန့် ထပ်မံဖန်တီးပေးခဲ့သောကြောင့်ဖြစ်ပြီး လက်ရှိအလုပ်လက်မဲ့နှုန်းမှာ ၄ ဒသမ ၂ ရာခိုင်နှုန်းတွင် တည်ငြိမ်နေဆဲဖြစ်သည်ဟု အမေရိကန်အလုပ်သမားဌာနက ထုတ်ပြန်ကြေညာကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

ဗြိတိန်တော်ဝင်မိသားစုနှင့် ပြန်လည်သင့်မြတ်လိုသည်ဟု မင်းသားဟယ်ရီ ယမန်နေ့က တွေ့ဆုံမေးမြန်းခန်းတွင် ထုတ်ဖော်ပြောကြားနေစဉ်။ **Mon**



# ဂျပန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအကြား ညှိနှိုင်းမှုကိစ္စ ကိုယ်စားလှယ် ရယောဆေးအာကာဇာဝါ ထုတ်ဖော်ပြောကြား

**တိုကျို မေ ၃**

နှစ်နိုင်ငံအကြား ဒုတိယအကြိမ် ညှိနှိုင်းမှုများသည် "ရိုးသားပြီး အပြုသဘောဆောင်သော" ဆွေးနွေးမှုများဖြစ်သည်ဟု ဂျပန်နိုင်ငံ၏ အမေရိကန်ပြည်ထောင်စုနှင့် အကောက်ခွန်ညှိနှိုင်းမှုများဆိုင်ရာ ကိုယ်စားလှယ် ရယောဆေး အာကာဇာဝါ ယမန်နေ့က ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်၏ အဓိကမဟာမိတ်နိုင်ငံနှင့် အကြီးဆုံးရင်းနှီးမြှုပ်နှံသူဖြစ်သော ဂျပန်နိုင်ငံသည် အခြားနိုင်ငံများနည်းတူ ၁၀ ရာခိုင်နှုန်းသော အခြေခံအကောက်ခွန်နှင့် ကား၊ သံမဏိနှင့် အလူမီနီယံတို့အတွက် ပိုမိုမြင့်မားသော အခွန်များကို ခံစားနေရသည်။

အပြန်အလှန်အကျိုးကျေးဇူးရှိသော သဘောတူညီချက်တစ်ခုကို အမြန်ဆုံးရရှိရန် မိမိတို့ဘက်က ရိုးသားပြီး အပြုသဘောဆောင်သော ဆွေးနွေးမှုများဖြင့် ရှေ့ဆက်နိုင်ခဲ့သည်ဟု ရယောဆေးအာကာဇာဝါက သတင်းထောက်များကို ထုတ်ဖော်ပြောကြားသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်ရေးတိုးချဲ့မှု၊ အကောက်ခွန်မဟုတ်သော စည်းမျဉ်းများနှင့် စီးပွားရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကဲ့သို့သော အကြောင်းအရာများအပေါ် လက်တွေ့ကျသော ဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါသည်ဟုလည်း ၎င်းက ဖြည့်စွက်ပြောကြားကြောင်း သိရသည်။

**Mon**




# တောင်ကိုရီးယားနိုင်ငံ၏ တတိယမြောက် ယာယီသမ္မတအဖြစ် ပညာရေးဝန်ကြီးဟောင်း လီဂျူဟို ကျမ်းသစ္စာကျိန်ဆို

**ဆိုးလ် မေ ၃**

ပညာရေးဝန်ကြီးဟောင်း လီဂျူဟိုသည် ယမန်နေ့က တောင်ကိုရီးယားနိုင်ငံ၏ တတိယမြောက် ယာယီသမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

လာမည့်ဇွန် ၃ ရက်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဝန်ကြီးချုပ် ဟန်ဒေါက်ဆူး ရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် တစ်ရက်အကြာတွင် လီဂျူဟိုကို ယာယီသမ္မတခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

"အစိုးရလုပ်ငန်းများ တည်ငြိမ်စွာ စီမံခန့်ခွဲနိုင်ရန် ကျွန်ုပ်အစွမ်းကုန်ကြိုးစားမည်" ဟု လီက သတင်းထောက်များအား ပြောကြားခဲ့သည်။

ယာယီသမ္မတအသစ် ခန့်အပ်ခြင်းသည် ဟန်၏ ဝင်ပြိုင်မှုက ရွေးကောက်ပွဲပြိုင်ပွဲအား ပိုမိုမတည်ငြိမ်မှုများ ဖြစ်ပေါ်စေပြီ ယင်းရွေးကောက်ပွဲသည် ဒီမိုကရက်တစ်ပါတီမှ လက်ဝဲယိမ်းအမတ် လီဂျယ်မြောင်၏ ပါဝင်ယှဉ်ပြိုင်ခွင့်အပေါ် သံသယများ ပေါ်ပေါက်စေသည့်အတွက် အနှောင့်အယှက်ဖြစ်ခဲ့ကြောင်း သိရသည်။

**Mon**

# ဆက်လက်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစဉ်များ ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေး ရှင်းလင်းတင်ပြ

**အော့တဝါ မေ ၃**

ပြည်ထောင်စုရွေးကောက်ပွဲအပြီး ပထမဆုံးကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် ရှေ့လျှောက်ပြုလုပ်မည့် အစည်းအဝေးများအား မည်သို့ကိုင်တွယ်ဆောင်ရွက်မည်ဟူသော အချက်အပါအဝင် ၎င်း၏ဦးစားပေးလုပ်ငန်းစဉ်များကို ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေး ယမန်နေ့က ရှင်းလင်းတင်ပြခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ရွေးကောက်ပွဲစည်းရုံးရေးကာလအတွင်း ကာနေးက ထရမ့်၏ ကုန်သွယ်မှုအတားအဆီးများနှင့် ကနေဒါကို အမေရိကန်၏ ၅၁ ခုမြောက်ပြည်နယ်အဖြစ် ပြောင်းလဲရန် ခြိမ်းခြောက်မှုများကို ခုခံတိုက်ခိုက်ရန် အလေးထားခဲ့ပြီး ၎င်းအနေဖြင့် ထိုသို့အဖြစ်ခံမည် မဟုတ်ဟု ပြောကြားခဲ့သည်။

ကနေဒါ အောက်လွှတ်တော်၌ လစ်ဘရယ်ပါတီအနေဖြင့် ရွေးကောက်ပွဲနိုင်ခဲ့သည်ဆိုရာတွင် ကိုယ်စားလှယ်နေရာ ၁၆၈ နေရာဖြင့် အသာစီးရခဲ့သော်လည်း အားလုံးပါဝင်သည့် အစိုးရဖွဲ့စည်းရန် လိုအပ်သော ၁၇၂ နေရာကို မရရှိခဲ့သဖြင့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရမည်ဟု ဆိုသည်။

ကာနေး၏ အစိုးရအဖွဲ့သစ်သည် လာမည့် မေ ၁၂ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုရမည်ဖြစ်ကြောင်း သိရသည်။

**Mon**



# မြေကြီးထဲသို့ မြုပ်သွားခဲ့သော ကုန်တင်ယာဉ်မောင်း၏အလောင်းကို ဂျပန်ကယ်ဆယ်ရေးအဖွဲ့ဝင်များ သုံးလကြာမှ ပြန်လည်ရရှိ

**တိုကျို မေ ၃**

ဂျပန်နိုင်ငံတိုကျိုမြို့အနီးတွင်ဖြစ်ပွားသည့် မြေပြိုကျမှုတွင် မြေကြီးထဲသို့ မြုပ်သွားခဲ့သော ကုန်တင်ယာဉ်မောင်း၏ အလောင်းကို ဂျပန်ကယ်ဆယ်ရေးအဖွဲ့ဝင်များ သုံးလကြာမှ ပြန်လည်ရရှိခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

ဇန်နဝါရီလကုန်ပိုင်းက ရှီယိုမြို့ရှိ လမ်းတစ်လမ်းတွင် မနက်ခင်းပိုင်း၌ မြေပြိုကျမှုဖြစ်ပွားရာ ကုန်တင်ကားမောင်းနေသည့် အသက် ၇၄ နှစ်အရွယ် ယာဉ်မောင်းသည် ကားနှင့်အတူ မြေကြီးထဲသို့ နစ်မြုပ်သွားခဲ့သည်။

ထိုမြေပြိုကျမှုသည် မိလ္လာပြွန်များကြောင့် ဖြစ်ပွားခဲ့ပြီး ဖေဖော်ဝါရီလက အနက်မှာ ၁၆ မီတာရှိခဲ့သည်။

မြေကြီး၏မတည်ငြိမ်မှုက ကယ်ဆယ်ရေးလုပ်ငန်းများကို အဟန့်အတားဖြစ်စေခဲ့ပြီး မြေပြိုကျနိုင်သည့်အန္တရာယ်နှင့် ယာဉ်မောင်းမြုပ်နေသည်ဟု ယူဆရသည့်နေရာသို့ ကယ်ဆယ်ရေးအဖွဲ့ဝင်များ ချဉ်းကပ်နိုင်ခြင်း မရှိခဲ့ပေ။

ယင်းမြေပြိုကျမှုသည် ယခုအခါ အနည်းဆုံး မီတာ ၄၄၀ အထိ ကျယ်ပြန့်လာခဲ့ပြီး အိုလံပစ်ရေကူးကန်တစ်ခု၏ အလျားနီးပါး ရှိလာခဲ့ကြောင်း သိရသည်။ **Mon**

# ဆီယေရာလီယုန်း၌ မျောက်ကျောက်ရောဂါကူးစက်မှုများပြန်လည်မြင့်တက်လာပြီး သေဆုံးသူ ၉ ဦး ရှိနေပြီဟု ဆို

**ဖရီးတောင်း မေ ၃**

ဆီယေရာလီယုန်းနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်မှုများ ပြန်လည်မြင့်တက်လာပြီး ယခုနှစ်စတင်ချိန်မှစ၍ ကူးစက်မှု ၁၁၄၀ ဦးနှင့် သေဆုံးသူ ၉ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အနောက်အာဖရိကနိုင်ငံဖြစ်သော ဆီယေရာလီယုန်းသည် မျောက်ကျောက်ရောဂါကို တိုက်ဖျက်ရန် ဇန်နဝါရီလတွင် အများပြည်သူကျန်းမာရေး အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ပြီးခဲ့သည့်အပတ်က သေဆုံးသူ ၆ ဦးနှင့် ကူးစက်မှု ၇၆၃ ဦးရှိကြောင်း ထုတ်ပြန်ခဲ့သည်။

ဖရီးတောင်းမြို့တော်တွင် ရောဂါကူးစက်မှုအများဆုံး တွေ့ရှိရကြောင်း မေ ၁ ရက် ညနေပိုင်းတွင် ပေါ်ထွက်ခဲ့သော နောက်ဆုံးအစီရင်ခံစာတွင် ဖော်ပြထားသည်။

ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ထံမှ ကာကွယ်ဆေး ၆၁၃၀၀ လုံးရရှိပြီးနောက် နိုင်ငံသည် ဧပြီလအစောပိုင်းတွင် အသက် ၁၂ နှစ်အထက် ကလေးများ၊ ရောဂါအန္တရာယ်မြင့်မားသူများနှင့် ရောဂါထိတွေ့နိုင်ခြေရှိသော ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့သည်။

"ကျွန်ုပ်တို့ဟာ ပြည်သူများကို ဗိုင်းရပ်စ်မှကာကွယ်ရန် Freetown၊ နယ်စပ်မြို့များနှင့် ကျေးလက်ဒေသများတွင် အဓိကအားဖြင့် အရေးပေါ်ကျန်းမာရေးဝန်ထမ်းများနှင့် ရောဂါအန္တရာယ်မြင့်မားသော နေရာများအတွက် ကာကွယ်ဆေးထိုးနှံမှုကို တိုးမြှင့်ဆောင်ရွက်နေပါတယ်" ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ကာကွယ်ဆေးအစီအစဉ်ကို ဦးဆောင်သူ ဒက်စမွန်မာဒါးကန်းဘိုင်က ထုတ်ဖော်ပြောကြားသည်။

ယခုအချိန်အထိ လူ ၂၅၀၀ ကို ကာကွယ်ဆေးထိုးနှံပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

# PDF အမည်ခံအကြမ်းဖက်သမားများက မုံရွာမြို့ရှိ အများပြည်သူ သွားလာအသုံးပြုနေသည့် ဇက်ဆိပ်တွင် လက်လုပ်တိုက်မိုင်းများ ထောင်ထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျဖယ်ရှားရှင်းလင်း

နေပြည်တော် မေ ၃

PDF အမည်ခံအကြမ်းဖက်သမားများသည် အများပြည်သူများ အထိတ်တလန့်ဖြစ်စေရန်၊ ရိုးသားစွာ နေထိုင်လုပ်ကိုင်စားသောက်နေမှုများကို နှောင့်ယှက်ရန်၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ အခက်အခဲများဖြစ်ပေါ်စေရန်နှင့် အကြောက်တရားများ ပိုမိုဖြစ်ပေါ်စေရန် ရည်ရွယ်၍ မြို့၊ ရွာ၊ ရပ်ကွက်၊ ကျေးရွာများ၊ လမ်း၊ တံတားများ၌ မိုင်းထောင်ဖောက်ခွဲခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

## ဖောက်ခွဲဖျက်ဆီးခဲ့

ထိုသို့ လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတောင်ရပ်ကွက် မုံရွာတောင်ဇက်ဆိပ်(မုံရွာ-ညောင်ပင်ကြီး ကူးတို့ဆိပ်)ရှိ ပြည်သူများနှင့် ယာဉ်များ အတက်အဆင်းပြုလုပ်ရာနေရာ၌ လက်လုပ်တိုက်မိုင်းများ ထောင်ထားကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးစဉ် ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် အဆိုပါ ဇက်ဆိပ်၌ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်တိုက်မိုင်း ငါးလုံးကိုတွေ့ရှိရသဖြင့် အများပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မဖြစ်စေရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ပြည်သူများအပေါ် ထိခိုက်ပျက်စီးဒဏ်ရာရရှိစေရန် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်အား လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်တိုက်မိုင်းများကို တွေ့ရစဉ်။




PDF အမည်ခံအကြမ်းဖက်သမားများ လက်လုပ်တိုက်မိုင်းဖောက်ခွဲရန် ထောင်ထားသည့် ဖြစ်စဉ်များပြပုံ။

# ရွာငံမြို့နယ်နှင့် အမရပူရမြို့နယ်တို့၌ ငွေကျပ် ၁၀၈ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၈၆၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၃

ရွာငံမြို့နယ်နှင့် အမရပူရမြို့နယ်တို့တွင် ငွေကျပ် ၁၀၈ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၈၆၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁ ရက်နံနက် ၁၀ နာရီခွဲတွင်ရွာငံမြို့နယ် မြို့ကြီးကျေးရွာအုပ်စု မြို့ကြီးကျေးရွာ အနီးတွင် မသီတာမွေး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းစိမ်း ၁၅ ကီလို(တစ်ကီလိုလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၅ သိန်း) သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ အမရပူရမြို့နယ် ဥယျာဉ်တော်ရပ်ကွက်ရှိ မောင်ပု(ခ)မောင်ညွန့်၏ နေအိမ်မှ ဘိန်းစိမ်း ၂၁ ကီလို(တစ်ကီလိုလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၆၃ သိန်း)ဆက်လက်သိမ်းဆည်းရမိခဲ့သဖြင့် မသီတာမွေး (၃၄)နှစ်နှင့် မောင်ပု(ခ)မောင်ညွန့် (၅၉)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



မသီတာမွေး(ဝဲပုံ) နှင့် မောင်ပု(ခ)မောင်ညွန့်(ယာပုံ)တို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

အလားတူ မေ ၂ ရက် နံနက် ၈ နာရီခွဲတွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ကျေးရွာအုပ်စု လွယ်တော်ခမ်း ကျေးရွာအနီးတွင် လော်စီခမ်း(ခ)ကျရှီးပါး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၂ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၂၀၀)နှင့် Happy Water သုည ဒသမ ၆ ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၆၆၀) သိမ်းဆည်းရမိခဲ့သဖြင့် လော်စီခမ်း(ခ)ကျရှီးပါး(၃၆)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၃

အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် အသီးသီးချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာနေ ဇော်မင်းဆန်းနှင့် မသော်တာမင်း (လိပ်စာတူ)နေသူတို့က နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာနေ မ---၊ ၄၂/၂၀၂၄ နှစ်အား တရုတ်အမျိုးသားနှင့် လက်ထပ်ရန် တရုတ်နိုင်ငံသို့ ပို့ဆောင်ခဲ့ကြသဖြင့် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ညွှေ့ဂေဟာနယ်မြေရဲစခန်း (ပ) ၅၉/၂၀၂၄၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။

လယ်ဝေးခရိုင်တရားရုံးမှ ဧပြီ ၂၉ ရက်တွင် တရားခံ ဇော်မင်းဆန်းနှင့် မသော်တာဝင်းတို့ နှစ်ဦးအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင် တရားခံ မဥမ္မာထွေး(ခ) မထွေး(ခ) ယွန်းငယ်အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ် မူဆယ်မြို့ မန့်ဝိန်းနယ်မြေ စွမ်းစော်ရပ်ကွက် “ကောင်း” ဟိုတယ်ဝင်း ဆိုင်ကယ်ဂိုဒေါင်နေ အောင်ဆန်းဦးက ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်ခရိုင် နမ့်ဖက်ကာမြို့နယ် ရီယာန်ကျေးရွာနေ မ ---၊၁၇/၂၀၂၅ နှစ်အား တရုတ်အမျိုးသားနှင့် လက်ထပ်ရန် တရုတ်နိုင်ငံသို့ ပို့ဆောင်ခဲ့သဖြင့် မူဆယ်မြို့မရဲစခန်း (ပ)၃၉/၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၈(က) /၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။ မူဆယ်ခရိုင်တရားရုံးမှ ဧပြီ ၂၈ ရက်တွင်တရားခံအောင်ဆန်းဦးကိုလူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဒေါ်ဝင့်ဝါထွန်းနှင့် ဒေါ်နန်းအေးဆေးတို့ နှစ်ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၅ ခုနှစ် ဧပြီလအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

နေပြည်တော် မေ ၃


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး) ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg) နှင့်အောက်သေးငယ်သော အမှုန်အမွှားများ (Particulate Matter - PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး $PM_{2.5}$ စောင့်ကြည့်တိုင်းတာခြင်း လုပ်ငန်းကို ၂၆-၃-၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၄ ရက်၊ ၇ ရက်နေ့မှ ၁၇ ရက်နေ့အထိနှင့် ၁၉ ရက်နေ့မှ ၃၀ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index - AQI and Health Concerns) သတ်မှတ် ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် ဧပြီလ ၁၇ ရက်နှင့် ၂၉ ရက်နေ့တို့သည် AQI Range 0-50 အတွင်းတွင် ရှိသောကြောင့် ကောင်းမွန်သော အဆင့် (Good)၊ ၁၊ ၈ ရက်နှင့် ၉ ရက်နေ့တို့သည် AQI Range 101-150 အတွင်းတွင်ရှိသောကြောင့် ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့် (Unhealthy for Sensitive Group)နှင့် ကျန်ရက်များသည် AQI Range 51-100 အတွင်းတွင်ရှိသောကြောင့်အသင့်အတင့်အဆင့် (Moderate) ဖြစ်ကြောင်း တွေ့ရှိရသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဧပြီလအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၂ ရက်၊ အသင့်အတင့်အဆင့်၌ ၁၈ ရက်နှင့် ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၃ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရသည်။

မိုး/ဇလ

ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ




လေအရည်အသွေးအညွှန်းကိန်း (AQI) အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်


| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# ၂၀၂၅ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

နေပြည်တော် မေ ၃

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေး ကွန်ရက် (Acid Deposition Monitoring Network in East Asia- EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကို စုဆောင်းကာ မိုးရေတွင်အက်စစ်ဖြစ်ထွန်းမှု အခြေအနေများကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်း လုပ်ငန်းများကို လစဉ် ဆောင်ရွက်လျက်ရှိသည်။

မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ





၂၀၂၅ ခုနှစ် ဧပြီလအတွင်း စခန်း ၃၀ တို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့သည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၀ တို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့်သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့်သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့သည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် ဧပြီလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၀ တို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေမရှိကြောင်း တွေ့ရှိရသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၅ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH | စဉ် | စခန်းအမည် | pH |
|---|---|---|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၉ | ၁၆ | အောင်လံ | ၆.၈ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၇.၁ | ၁၇ | စစ်တွေ | ၆.၉ |
| ၃ | တောင်ကြီး | ၆.၈ | ၁၈ | ပြည် | ၆.၅ |
| ၄ | မိုင်းဆတ် | ၆.၅ | ၁၉ | ပဲခူး | ၆.၆ |
| ၅ | ကျိုင်းတုံ | ၇.၀ | ၂၀ | တောင်ငူ | ၆.၇ |
| ၆ | စစ်ကိုင်း | ၇.၂ | ၂၁ | ပုသိမ် | ၆.၅ |
| ၇ | ဟုမ္မလင်း | ၇.၁ | ၂၂ | မအူပင် | ၆.၇ |
| ၈ | ညောင်ဦး | ၆.၆ | ၂၃ | ဟသ်ာတ | ၆.၅ |
| ၉ | မုံရွာ | ၇.၁ | ၂၄ | မော်လမြိုင် | ၆.၆ |
| ၁၀ | ပျဉ်းမနား | ၆.၇ | ၂၅ | ဘီးလင်း | ၆.၆ |
| ၁၁ | ပြင်ဦးလွင် | ၆.၉ | ၂၆ | ဘားအံ | ၇.၁ |
| ၁၂ | ကလေးဝ | ၆.၉ | ၂၇ | ကော့ကရိတ် | ၆.၅ |
| ၁၃ | ရန်ကုန် (ကမ္ဘာအေး) | ၆.၉ | ၂၈ | ထားဝယ် | ၆.၆ |
| ၁၄ | မှော်ဘီ | ၆.၈ | ၂၉ | မြိတ် | ၆.၇ |
| ၁၅ | မကွေး | ၇.၀ | ၃၀ | ကော့သောင်း | ၆.၈ |

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)၌ မဟာအတုလဝေယံ(အတုမရှိ)ကျောင်းတော်ကြီးတွင် မန္တလေးမြို့ပေါ် ရှိ ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်၍ ဆွမ်းဆန်၊ ဆီ၊ ကြက်သွန်၊ ကုလားပဲ အစရှိသည့် လှူဖွယ်များနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူဒါန်းခြင်းအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




**မန္တလေး မေ ၃**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)၌ အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယံ(အတုအရှိ)ကျောင်းတော်ကြီးတွင် မန္တလေးမြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်၍ ဆွမ်းဆန်၊ ဆီ၊ ကြက်သွန်၊ ကုလားပဲ အစရှိသည့် လှူဖွယ်များနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူဒါန်းခြင်းအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မြတ်ဗုဒ္ဓ၏ ဗျာဒိတ်ခံ၊ ဖွား၊ ပွင့်၊ စံသည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့)နေ့ထူးနေ့မြတ်အခါသမယတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ အလှူရှင်များက သာသနာနှစ် ၂၅၆၈ နှစ်ပြည့်ပြီး ၂၅၆၉ နှစ်သို့ ကူးပြောင်းရောက်ရှိမှု အထိမ်းအမှတ်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ကောဇာသက္ကရာဇ် ၁၃၈၇ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)၊ ၂၀၂၅ ခုနှစ် မေလ ၁၁ ရက် နေ့ထူးနေ့မြတ်အခါသမယတွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယခင်နှစ်က မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော် ၁၀၂၇၂ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ပါကြောင်း၊ ယခုနှစ်တွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော် ၁၀၂၇၆ ပါးတို့အား လောင်းလှူသွားရန် စီမံထားသော်လည်း မတ်လ ၂၈ ရက် မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီး ဖြစ်ပွားခဲ့မှုကြောင့် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော်များ ကိုယ်စား ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အမှူးပြုပြီး ဆရာတော်၊ သံဃာတော် ၁၀၈ ပါးအား ပင့်ဖိတ်၍ ဆွမ်းဆန်၊ ဆီ၊ ကြက်သွန်၊ ကုလားပဲ အစရှိသည့် လှူဖွယ်များနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ရေစက်ချအခမ်းအနားဖြင့် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ မန္တလေးမြို့ပေါ်ရှိ သီလရှင်စာသင်တိုက်များ အပါအဝင် စာသင်တိုက်ကြီးများနှင့် ဘုန်းတော်ကြီးကျောင်းများရှိ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်၊ ဆီ၊ ကြက်သွန်၊ ကုလားပဲ အစရှိသည့် လှူဖွယ်များနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းပေးသွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများက တာဝန်ယူထားသည့် ကဏ္ဍများအလိုက် လုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေး အချင်းချင်းချိတ်ဆက်ပေါင်းစပ်ကာ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များက တာဝန်ယူထားသည့် ကဏ္ဍများအလိုက် လုပ်ငန်းများဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များနှင့် ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

သတင်း–စာမျက်နှာ ၂၄





## စိန်တလုံးသရက်သီးများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိ

**ရေနံချောင်း မေ ၃**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်း၊ မြို့မဈေး အပါအဝင် မြို့ပေါ်ရပ်ကွက်များသို့ စိန်တလုံးသရက်သီးများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိရာ ပေါ်ဦးပေါ်ဖျားဖြစ်၍ အရောင်းအဝယ်လိုက်ကာ ဈေးလည်းကျသွားသည်။



"စိန်တလုံးသရက်သီးများကို ဝါးတောင်းများတွင် ထည့်ပြီး သစ်သီးဆိုင်များသို့ တင်ပို့သည့်အပြင် ကိုယ်တိုင်လည်း ရောင်းပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်အတွင်းက သရက်သီး ၁၀ လုံးလျှင် ငွေကျပ် ၁၀၀၀၀ ရောင်းရပြီး ယနေ့မှ ၁၀ လုံးလျှင် ငွေကျပ် ၈၀၀၀ ရောင်းရပါတယ်။ သရက်သီးနှစ်လုံးလျှင် ငွေကျပ် ၁၅၀၀ ရောင်းရတဲ့အတွက် ဈေးအေးပေမယ့် အဝယ်လိုက်နေကြောင်း ရောင်းချသူတစ်ဦးထံက သိရသည်။

ရေနံချောင်းမြို့နယ်၊ ပင်းဝကျေးရွာအုပ်စုရှိ ဘုရားကုန်းကျေးရွာ အပါအဝင် ကျေးရွာများတွင် စိုက်ပျိုးကြပြီး သရက်သီးပေါ်ချိန်တွင် စိန်တလုံးသရက်သီးများ ဈေးကောင်းနေကြသည်။

ရေနံချောင်းမြို့မဈေးတွင် စိန်တလုံးသရက်သီး ၁၀ လုံးလျှင် ငွေကျပ် ၈၀၀၀ မှ ၁၀၀၀၀ အထိ ရောင်းချလျက်ရှိပြီး သရက်သီးအရောင်းအဝယ်လိုက်နေကြောင်း သိရသည်။ **(ဝဲပုံ)(၄၇၂)**

## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သက်ကြီးဘိုးဘွားများအား အာဟာရဒါနကျွေးမွေးလှူဒါန်း

**ပခုက္ကူ မေ ၃**

၂၀၂၅ ခုနှစ်၊ မေ ၅ ရက်နေ့တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၉ နာရီခွဲက သက်ကြီးဘိုးဘွားများအား အာဟာရဒါန ကျွေးမွေးလှူဒါန်းကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပခုက္ကူခရိုင်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးငြိမ်းကိုကိုသောင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့၊ ဘိုးဘွားရိပ်သာရှိ သက်ကြီးဘိုးဘွား ၂၆ ဦးတို့အား အာဟာရဒါနကျွေးမွေးခြင်း၊ ဘိုးဘွားရိပ်သာဝင်းအတွင်း၊ အပြင်တို့ကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း စသည်ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ကြကြောင်း သိရသည်။ **(၃၄၀)**



## (၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တောင်ကြီး မေ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ စူဠာမုနိလောကချမ်းသာစေတီတော်၌ မေ ၂ ရက် နံနက် ၇ နာရီခွဲက (၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန ဦးဆောင်၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန ဒုတိယပြည်နယ်မှူး ဦးထွန်းထွန်းစိုး ဦးစီး၍ ပြည်နယ်၊ ခရိုင်မြို့နယ်အဆင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရေသည်ယာဉ်များဖြင့် ဘုရားပရဝဏ်အတွင်း၊ အပြင်နှင့် ရင်ပြင်တော်ရှိ အမှိုက်များ ရှင်းလင်းခြင်း၊ ဆေးကြောခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းဆယ်ယူခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါဆောင်ရွက်နေမှုများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန ပြည်နယ်မှူးဦးအောင်ဝင်းစိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အလားတူ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နံနက် ၆ နာရီက တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက်ရှိ မြို့ဦးပရိယတ္တိစာသင်တိုက်ရှိ ဆရာတော်၊ သံဃာတော်အပါး ၄၂၀ အား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် တောင်ကြီး-ဟိုပုံးသွားလမ်းရှိ တောင်ကြီးခရိုင်မီးသတ်ရုံးရှေ့၌ ၂၀၂၅ ခုနှစ် (၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဆိုင်းဘုတ်စိုက်ထူ၍ ပြည်နယ်မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၆၈)

## မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)MobileClinic အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ကွင်းဆင်းကုသ



**မန္တလေး မေ ၃**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) သည် ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဖွဲ့စည်းပြီး ငလျင်ဘေးသင့်ရပ်ကွက်နှင့် ကျေးရွာများသို့ကွင်းဆင်း၍ ဆေးကုသပေးလျက်ရှိသည်။

ချမ်းအေးသာစံမြို့နယ်၊လမ်း ၇၀နှင့် ၃၁ လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)သို့ ငလျင်ဘေးသင့်ပြည်သူများအား ဆေးကုသနိုင်ရန်ငွေနှင့် ဆေးဝါးများကို လာရောက်လှူဒါန်းလျက်ရှိသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) Mobile Clinicမှ ဒေါက်တာရန်နိုင်မိုးနှင့်အဖွဲ့သည် မေ ၁ ရက်က အောင်မြေသာစံမြို့နယ်၊ ကုသိုလ်တော်ဘုရားတွင် ငလျင်ဘေးသင့်ပြည်သူများနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများအားလည်းကောင်း၊ မေ ၂ ရက်က အမရပူရမြို့နယ်၊တိမ်ပြာကျေးရွာနှင့် ချောင်းခွကျေးရွာတို့မှ ငလျင်ဘေးသင့်ပြည်သူ ၇၂ ဦးတို့အား ပဏာမကျန်းမာရေးစောင့်ရှောက်ပြီး ကွင်းဆင်းကုသပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၄၅)

သစ်တောသစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး ။

## Magway City Cup အမျိုးသားအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

**မကွေး မေ ၃**

မြန်မာ့ဘောလုံးအားကစားကျယ်ပြန့်စွာ တိုးတက်မြင့်မားရေးကို အထောက်အကူပြုစေရေး၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘောလုံးအားကစားသမားများအချင်းချင်း သွေးစည်းညီညွတ်မှုစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုထွန်းကားလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်သွေးသစ် ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရေး၊ လူငယ်၊ လူရွယ်များ အားကစားကို ပိုမိုစိတ်ဝင်စားလာပြီး မိမိတို့ပတ်ဝန်းကျင်တွင် ကျယ်ကျယ်ပြန့်ပြန့်ကစားရာမှ တိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မကွေးတိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ်မှ ဦးစီးကျင်းပသည့် Magway City Cup ဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းနားကို ယမန်နေ့ညနေပိုင်းက မကွေးမြို့၊ တိုင်းဒေသကြီးပြည်သူ့အားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သိန်းထွန်းဦး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဥပဒေချုပ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိ ရပ်ဖနှင့် လူငယ်လမောင်မယ်များ၊ ဖိတ်ကြားထားသော အားကစားဝါသနာရှင်များ၊ နည်းပြ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ထို့နောက် Magway City Cup အမျိုးသား အလွတ်တန်း ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် Squad -X FC နှင့် UYN -FC တို့ ယှဉ်ပြိုင်ကစားခဲ့ရာ UYN FC အသင်းက ၃-၂ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော UYN FC အသင်းအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ဒုတိယရရှိသော Squad X FC နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆု၊ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းနှင့် အကောင်းဆုံး ဂိုးသမားဆုရရှိသူများအား တာဝန်ရှိသူများက အသီးသီး ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မတ် ၂၈ ရက်မှ ဧပြီ ၃၀ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မောင်နိုင်မင်း(မြန်/ဆက်)

၀-၀-၀-၀-၀-၀-၀-၀



## ကြက်တူရွေးပဲသီးစိုက်တောင်သူများ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ရောင်းချနေရ

**ညောင်ဦး မေ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင် ဆည်ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် လက်ပံအိုင့်ကျေးရွာ၊ လဲဂွကျေးရွာ၊ မုန့်ကုန်း၊ ညောင်ဖြူပင်၊ ကုန်းတဲ၊ ညောင်ချိုး၊ ဆပ်ပြာကျင်း၊ မကြီးတိုင်း၊ စည်ပင်သာ၊ အိုးအိုင်၊ ကင်မွန်းခြံကျေးရွာများသည် ကြက်တူရွေးပဲသီးစိုက်ပျိုးခြင်းအား ယခုနှစ် မိုးရာသီတွင် စမ်းသပ်စိုက်ပျိုးကြရာ အပင်ဖြစ်ထွန်းမှုကောင်းမွန်ပြီး အပွင့်ပွင့်နှုန်း၊ အသီးသီးနှုန်းကောင်းမွန်ခြင်းကြောင့် ကြက်တူရွေးပဲသီးတောင့်များ ဆွတ်ခူးရောင်းချချိန် တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ရောင်းချနေရကြောင်း လဲဂွကျေးရွာကြက်တူရွေးပဲစိုက်တောင်သူ ဦးမောင်ပိုက်ထံမှ သိရသည်။



ကြက်တူရွေးပဲ စတင်စိုက်ပျိုးခြင်းအား တန်ဆောင်မုန်း၊ နတ်တော်လတို့တွင် စတင်စိုက်ပျိုးခဲ့ပြီး ကြက်သွန်နီစိုက်ခင်းများအတွင်း သီးထပ်၊ သီးညှပ်ထည့်သွင်းစိုက်ပျိုးခဲ့ကြောင်း၊ အစေ့တိုက်ရိုက် မြေချစနစ်ဖြင့် စိုက်ပျိုးပြီး တစ်စေ့နှင့်တစ်စေ့ တစ်ပေအကွာ စိုက်ပျိုးကြကြောင်း၊ သုံးရက်ဖြင့် အပင်ပေါက်ကာ အပင်ပေါက်ပြီး တစ်လခန့်ကြာလျှင် အဖူးအပွင့်စတင်ဖူးပွင့်ပြီး အသီးသီးသည်။ ကြက်တူရွေးပဲသည် ရေကြိုက်ခြင်းရှိကာ ကြက်သွန်နီနုတ်သိမ်းပြီးချိန် ကြက်တူရွေးပဲသီးများ မြေဆွပေးသကဲ့သို့ ဖြစ်လာကာ အပင်ဖြစ်ထွန်းမှု ကောင်းမွန်ပြီး ရေသွန်းချိန် အပင်ဖြစ်ထွန်းမှု ကောင်းလာသည်။

ကြက်တူရွေးပဲသီးများ စတင်ပေါ်ချိန်က တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ရောင်းချခဲ့ရပြီး ကြက်တူရွေးပဲ လှိုင်လှိုင်ပေါ်ချိန် တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ရောင်းချနေရခြင်းကြောင့် စိုက်ပျိုးတောင်သူများတွက်ခြေကိုက်နေကြကြောင်း သိရသည်။

(ဝဲပုံ) (၄၈၁)

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ က္က ရာဇ် များ (၁၁၆)

သွယ်အောင်


၁၉၉၄ ၊ ဒီဇင်ဘာလထုတ် ရှုံ့သစ်မဂ္ဂဇင်းတွင် "စွာစော်ကဲ" ကလောင်ဖြင့် ရေးဆွဲခဲ့သော ကာတွန်း ဖော်ပြပါရှိခဲ့သည့်အတွက် နောက်ပိုင်းကာတွန်းများကို ပို၍ဆွဲဖြစ်လာသည်။ ကာတွန်းပုံများကိုလည်း သေသပ်ရှင်းလင်းစွာရေးဆွဲသည်။ အကြောင်းအရာ(Idea) ကိုလည်း သေချာစဉ်းစားပြီး ရေးဆွဲသည်။

ရှုံ့သစ်မဂ္ဂဇင်းသို့ ကာတွန်းများဆွဲပို့ဖို့ စဉ်းစားနေစဉ် သူငယ်ချင်းအောင်ဂျမ်းက ကျွန်တော့်အား နိုဝင်ဘာ ၂၉ ရက် တောင်သမန် တောင်လေးလုံးကျောင်းတွင် ပြုလုပ်မယ့် စာရေးဆရာမကြီး လူထုဒေါ်အမာ (၇၉)နှစ်ပြည့်မွေးနေ့ပွဲမှာ ရှုံ့သစ်မဂ္ဂဇင်း ထုတ်ဝေသည့် ကိုချစ်ဝင်းမောင် လာရောက်မည်ဟု ပြောသည်။

ကျွန်တော်က ကိုချစ်ဝင်းမောင်၏ ရှုံ့သစ်မဂ္ဂဇင်းမှာ ကာတွန်းပါရှိသောကြောင့် လူထုဒေါ်အမာ၏ မွေးနေ့ပွဲသို့ မဖြစ်မနေတက်ရောက်ပြီး ကိုချစ်ဝင်းမောင်နှင့် တွေ့ဆုံဖို့ ဆုံးဖြတ်ထားသည်။

ကျွန်တော် မျှော်လင့်နေသော နိုဝင်ဘာ ၂၉ ရက် လူထုဒေါ်အမာ မွေးနေ့ပွဲသို့ ရောက်ရှိလာရာ ထိုမွေးနေ့ပွဲသို့ ကျွန်တော့်ဇနီးလောင်းနှင့်အတူ အမရပူရ တောင်သမန် တောင်လေးလုံးကျောင်းသို့ နံနက်စောစော ထွက်လာခဲ့ကြသည်။ တောင်လေးလုံးကျောင်းသို့ ရောက်သောအခါ ရန်ကုန်မှရောက်ရှိနေသော ကဗျာဆရာ၊ စာရေးဆရာများ၊ မဂ္ဂဇင်းထုတ်ဝေသူအယ်ဒီတာများနှင့် ဧည့်ပရိသတ် အတော်စုံစုံလင်လင် ရောက်ရှိနေကြသည်။

ရန်ကုန်မှရောက်ရှိလာကြသူများမှာ ဆရာနေဝင်းမြင့်၊ ဆရာပြေ(ဆေး-၂)၊ ဆရာဆောင်းဝင်းလတ်၊ ဆရာမောင်နိုင်မာ၊ ဆရာချစ်ဝင်းမောင်၊ ဆရာမြတ်နိုင်၊ ဆရာလင်းယုန်မောင်မောင်၊ ဆရာမောင်မိုးသူ၊ ဆရာမောင်စွမ်းရည်၊ ဆရာဇော်(ပျဉ်းမနား)၊ ဆရာမကလျာ(ဝိဇ္ဇာ/သိပ္ပံ)၊ ဆရာကြည်နိုင်၊ ဆရာဒေါက်တာသန်းထွန်း၊ ဆရာမခင်နှင်းယု အစရှိသူတို့ဖြစ်သည်။




(၇၉)နှစ်ပြည့် ဆရာမကြီး လူထုဒေါ်အမာ မွေးနေ့ပွဲ၏ထူးခြားမှုမှာ မွေးနေ့ပွဲတက်ရောက်လာသူများအား ရုပ်စုံရုပ်သေးသဘင်ဖြင့် ဧည့်ခံဖျော်ဖြေပြီး လူထုဒေါ်အမာ၏ "ကျွန်မတို့ငယ်ငယ်တုန်း" က စာအုပ် စာပေလက်ဆောင်ပေးခြင်းဖြစ်သည်။ စာအုပ်တွင် "၂၉-၁၁-၉၄၊(၇၉)နှစ်ပြည့်မွေးနေ့စာပေလက်ဆောင်" ဟု ပုံနှိပ်ထားပြီး လူထုဒေါ်အမာ၏ လက်မှတ်ရေးထိုးထားလေသည်။

ကျွန်တော်လည်း စာအုပ်လက်ဆောင်ယူပြီး ရှုံ့သစ်မဂ္ဂဇင်းအယ်ဒီတာ ကဗျာဆရာချစ်ဝင်းမောင်နှင့် တွေ့ကာ ကဗျာရေးသည့်သွယ်အောင်အနေဖြင့် မိတ်ဆက်စကားပြောဖြစ်သည်။

"ကျွန်တော် သွယ်အောင် ပါ"

"ဟုတ် တွေ့ရတာ ဝမ်းသာပါတယ်ဗျာ" ဟု ကိုချစ်ဝင်းမောင်က ပြုံးရွှင်သောမျက်နှာဖြင့် ဆိုသည်။

"ကျွန်တော် ကဗျာရေးပါတယ်၊ အဲ ကာတွန်းလည်း ဆွဲပါတယ်။ ဒီလ ဒီဇင်ဘာလထုတ် ကိုချစ်ဝင်းမောင်ရဲ့ ရှုံ့သစ်မဂ္ဂဇင်းမှာ ကျွန်တော်ဆွဲတဲ့ ကာတွန်းပါလို့၊ အဲ့ဒါအသိပေးရင်း လာနှုတ်ဆက်တာပါ"

"ဟာ ကျွန်တော့်မဂ္ဂဇင်းမှာ ကာတွန်းပါတာဆိုရင် မဂ္ဂဇင်းစာအုပ်နဲ့ စာမူခ ကျွန်တော် ချီးမြှင့်ပေးရမှာပေါ့၊ ဘယ်ကလောင်နဲ့ပါတာလဲ၊ စွာစော်ကဲဆိုတဲ့ ကလောင်လား။ ကျွန်တော့်မဂ္ဂဇင်းမှာပါတဲ့ ကာတွန်းဆရာ အတော်များများက ရန်ကုန်က ကာတွန်းဆရာတွေပဲ။ စွာစော်ကဲကလောင်နဲ့ စာတိုက်က ရောက်လာလို့ အဲ့ဒီကာတွန်းပုံ တစ်ပုံတော့ ကြိုက်လို့သုံးထားပါတယ်" ဟု အားရဝမ်းသာစွာဖြင့် စကားအရှည်ကြီး ပြောလေတော့သည်။

"ဟုတ်တယ် ဆရာ"

"အေးဗျာ..ဒါဆို ခု ကျွန်တော့်ဆီ မဂ္ဂဇင်းစာအုပ်က အပိုပါမလာဘူး။ ကျွန်တော်တည်းခိုတဲ့ အင်းလျားဟိုတယ်မှာ ကျန်ခဲ့တယ်။ ကျွန်တော် ဒီဇင်ဘာ ၂ ရက် ညနေ ၅ နာရီခွဲရထားနဲ့ ရန်ကုန်ပြန်မယ်။ ကျွန်တော်တည်းတဲ့ အင်းလျားဟိုတယ်ကို လာခဲ့လေ။ စာအုပ်နဲ့ စာမူခ ပေးချင်လို့"

"ဟုတ် လာခဲ့မယ်လေ..."

"ဒီဇင်ဘာ ၁ ရက်နေ့ လာခဲ့ပါ။ ကျွန်တော် ဟိုတယ်မှာ တစ်နေကုန်ရှိမယ်"

"ဟုတ် နေ့လယ်ပိုင်း လာခဲ့မယ်၊ အင်းလျားဟိုတယ်က မြို့ထဲ စဉ့်လမ်းပေါ်ကဟိုတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

ကျွန်တော်လည်း လူထုဒေါ်အမာ မွေးနေ့ပွဲ အပြီးထိ မနေတော့ဘဲ ပြန်လာခဲ့တော့သည်။ ကျွန်တော့်







ဇနီးလောင်း သင်တန်းကျောင်းတွင် သင်တန်းတက်စရာ အချိန်ရှိနေသောကြောင့်လည်း ဖြစ်သည်။

ထိုနေ့က သူငယ်ချင်းအောင်ဂျမ်းကို မွေးနေ့ပွဲမှာ မတွေ့ခဲ့ရ၍ နောက်တစ်နေ့ နိုဝင်ဘာ ၃၀ ရက်တွင် အောင်ဂျမ်းအိမ်သို့သွားကာ အောင်ဂျမ်းနှင့်တွေ့သည်။ သူက မြန်မာစာကျူရှင်ဝိုင်းများနှင့် အလုပ်ရှုပ်နေ၍ ဒေါ်အမာမွေးနေ့ပွဲ မတက်ဖြစ်ကြောင်း ပြောသည်။

အောင်ဂျမ်းက ဘုရားကြီး ၄၅ တာရှိ မြန်မာစာသင်သော ဒေါက်တာမြန်မာစာ(ဦးတင်မောင်ထွန်း)ဆီခေါ်သွားကာ ဆရာဒေါက်တာမြန်မာစာနှင့်အတူ လက်ဖက်ရည်သောက်ရင်း စာအကြောင်း၊ ကဗျာအကြောင်းနှင့် မဂ္ဂဇင်းများအခြေအနေတို့ကို စကားလက်ဆုံကျပြောဆိုကြသည်။

အောင်ဂျမ်းက ညနေ ၅ နာရီခွဲရထားဖြင့် ရန်ကုန်ဆင်းမည်ဖြစ်သောကြောင့် အိမ်ပြန်ကာ တေးကဗျာမဂ္ဂဇင်းအတွက် ကဗျာစာမူထည့်ပေးဖြစ်သည်။

နောက်တစ်နေ့ ဒီဇင်ဘာ ၁ ရက်တွင် ကိုချစ်ဝင်းမောင်တည်းသော အင်းလျားဟိုတယ်သို့ သွားရောက်ကာ ကိုချစ်ဝင်းမောင်နှင့် တွေ့ဆုံသည်။ ကိုချစ်ဝင်းမောင်က ပျူငှာစွာဆီးကြိုပြီး ရှုံ့သစ်မဂ္ဂဇင်းနှင့် ကာတွန်းစာမူခငွေကျပ် ၂၀၀ ပေးသည်။ အင်းလျားဟိုတယ်မှ ရှယ်လက်ဖက်ရည် တိုက်သည်။

ထိုစဉ်က ရန်ကုန်မဂ္ဂဇင်းများမှ ကဗျာစာမူခချီးမြှင့်ငွေမှာ ကဗျာတစ်ပုဒ် ငွေကျပ် ၁၀၀ သာဖြစ်ပြီး သုံးလက်မ၊ ငါးလက်မ ပတ်လည်မျှသာ ဖော်ပြခံရသော ကာတွန်းပုံတစ်ပုံအတွက် စာမူခ ငွေကျပ် ၂၀၀ ရရှိသည့်အတွက် ကျွန်တော့်မှာ အထူးအဆန်းဖြစ်နေသည်။ ကဗျာစာမူခထက် ကာတွန်းစာမူခမှာ နှစ်ဆဖြစ်နေပြီး ငွေကျပ် ၁၀၀ သိသိသာသာပိုနေသည်။

ထိုစဉ်က ငွေကျပ် ၂၀၀ ဆိုသည့်အားမှာ သိသာလွန်းသည်။ မီးဖိုချောင်အသုံးစရိတ် တစ်ပတ်စာတော့ အသာလေး ဖူလုံသည်။ ကျွန်တော်က ကိုချစ်ဝင်းမောင် ချီးမြှင့်သည် ကာတွန်းစာမူခ ငွေကျပ် ၂၀၀ ကို စဉ်းစားခန်းဝင်နေစဉ် ကိုချစ်ဝင်းမောင်ဆီက စကားသံ ပြန်ကြားရသည်။

"ကဲ... ကိုသွယ်အောင်ရေ နောင်လည်း ကျွန်တော့်မဂ္ဂဇင်းတိုက်ကို ကာတွန်းတွေ ဆက်ပို့ပေးပါ။ ကျွန်တော် အဆင်ပြေသလို ကြည့်သုံးပေးပါမယ်"

"ဟုတ်...ကျေးဇူးပါဆရာ၊ အဲ..ဒီစွာစော်ကဲ ကလောင်နဲ့ ကာတွန်းရေးဆွဲတာ သူငယ်ချင်းအောင်ဂျမ်းတစ်ယောက်ကလွဲလို့ ကျွန်တော့်မိတ်ဆွေ အပေါင်းအသင်းတွေ မသိကြဘူး။ အဲ့ဒါကြောင့် ကျွန်တော် ကာတွန်းဆွဲတာ ရန်ကုန်က ဆရာတွေ၊ ဆရာမတွေကို အသိမပေးလိုက်ဖို့ မေတ္တာရပ်ခံပါရစေ"

"စိတ်ချပါ ကိုသွယ်အောင်ရေ၊ ကျွန်တော်တို့ အယ်ဒီတာတွေ စောင့်ထိန်းရမယ့် ကျင့်ဝတ်ပါ။ စာရေးသူ ဘယ်သူ၊ဘယ်ဝါဆိုတာ သတင်းစာတိုက်တွေ၊ ဂျာနယ်တိုက်တွေ၊ မဂ္ဂဇင်းတိုက်တွေဆီက အယ်ဒီတာ အတော်များများက စောင့်ထိန်းကြပါတယ်။ တခြားနည်းနဲ့ ကလောင်နာမည်ကို သိသွားကြရင်တော့ မတတ်နိုင်ဘူးပေါ့လေ"

ထိုနေ့က ကိုချစ်ဝင်းမောင် တည်းခိုသည့် အင်းလျားဟိုတယ်မှ ပြန်လာခဲ့ပြီး ညနေပိုင်းတွင် ကျွန်တော်၏ ကြင်ရာဖက်ဇနီးလောင်း တက်နေသော သူနာပြုသင်တန်းအဆောင်သို့ သွားသည်။ နှစ်ယောက်အတူ အောင်တော်မူဘုရားသို့ သွားပြီး ရရှိသည့် ကာတွန်းစာမူခ တချို့တစ်ဝက်ဖြင့် ရွှေသင်္ကန်းကပ်လှူပူဇော်ကာ ဘုရားဖူး၍ ဆုတောင်းမေတ္တာပို့ အမျှဝေခဲ့ကြပါသည်။



## စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်ပေး

**မိုင်းတုံ မေ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာဖတ်ပရိသတ်ထံ လက်ဝယ် အရောက် စာအုပ်၊ စာစောင်များ လှည့်လည်ငှားရမ်းပေးခြင်းကို မေ ၂ ရက် နံနက် ၉ နာရီခွဲက ဌာနဆိုင်ရာရုံးများသို့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခိုင်ခိုင်သွယ်မှ ဦးဆောင်၍ ဝန်ထမ်းများက သုတ၊ရသ စာအုပ်ပေါင်း(၉၀)ကို သယ်ဆောင်၍ မိုင်းတုံမြို့နယ် ခရိုင်ပညာရေးရုံးရှိ စာဖတ် ပရိသတ်များထံမှ ယခင် ငှားရမ်းထားသော စာအုပ်၊ စာစောင်များ အပ်နှံမှုကို လက်ခံခြင်း၊ စာအုပ်၊ စာစောင်အသစ်များ ထပ်မံငှားရမ်းပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မိုင်းတုံမြို့နယ်ရုံးအနေဖြင့် လူငယ်၊ လူရွယ်များ၊ စာပေဝါသနာရှင်များ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အမှား၊အမှန် ဝေဖန်ပိုင်းခြားတတ်စေရန်၊ စာဖတ်သည့် အလေ့အထများ ရရှိစေရန်နှင့် စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လာရောက် ငှားရမ်းဖတ်ရှုနိုင်ခြင်းမရှိသည့် စာဖတ်ပရိသတ်များ အဆင်ပြေစွာ ငှားရမ်း ဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) မြို့နယ်(ပြန်/ဆက်)

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်ပေးအပ်ပွဲ ကျင်းပ

**နမ့်စန် မေ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၏ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂ ရက် နံနက် ၁၀ နာရီက နမ့်စန်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်းက ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များကို ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးက ပေးအပ်ခဲ့ရာ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် နမ့်စန်ခရိုင် မြေစာရင်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန့်ဇော်ဦးနှင့် သက်ဆိုင်ရာ ခရိုင်အဆင့်ဌာနတာဝန်ရှိသူများ၊ နမ့်စန်၊ ကွန်ဟိန်းနှင့် မိုးနဲမြို့တို့မှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က အသီးသီး လက်ခံရယူကြသည်။

ဆက်လက်၍ နမ့်စန်မြို့နယ်စီမံကိန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဟန်က နမ့်စန်ခရိုင်၏ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး နှစ်ကုန်ယာယီ အကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းလျာထားချက်တို့အပေါ် ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



## အောင်လံမြို့၌ မြို့သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**အောင်လံ မေ ၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ မြို့သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ယနေ့ နံနက် ၇ နာရီက အောင်လံမြို့၊ ဧရာဝတီမြစ်ကမ်းဘေး၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများက ဧရာဝတီမြစ်ကမ်းဘေးရှိ သစ်ရွက်ခြောက်များ၊ သစ်ပင်ချုံနွယ်များ၊ မြက်ပင်ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသောအမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စွန့်ပစ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

အာကာ(ပြန်/ဆက်)

*-*-*-*-*



ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့နေ့စဉ်

## မဟာမုနိရုပ်ရှင်တော်

* ရွှေမန်းမန္တလာ ...
မဟာမုနိ နှိုင်းမရှိဟု
ဖူးမိသူများ ဆိုနေကြားလည်း
စကားအလာ ကြားရုံသာမို့
ရင်မှာစွဲထင် နားမဝင်ခဲ့
ပြစ်မြင်လျှင်လည်း ခံရုံသာ ။
လူ့ဘုံလောက - ဓမ္မတာ ။
* ယနေ့ခါ - မြို့မန္တလာ ...
မကြာမတင် မှတ်မထင်၌
လျှောင်လှုပ်ခတ် တရစပ်တည့်
မတ်ရပ်မနိုင် ဒူးမခိုင်ဘူး
အပြိုင်လဲပြို သူကိုယ်လိုနှင့်...
အိမ်ပြို ကျောင်းပြို ဘုရားပြိုနှင့်...
မြေကိုရေထင် ငုတ်လျှိုးဝင်နှင့်...
မြင်မြင်သမျှ မလှပပြီ
လောကအကျည်း တန်ခဲ့သည် ။
ပြောပြလို့ ဆုံး - မကုန်ပြီ ။
* သည်နယ်လောက...
ကြုံကြသည်ခြေ သည်အနေတွင်
ဣန္ဒြေတည်လျက် နေမပျက်ဘဲ
တစ်ချက်မှုအြာ မရွေ့ပါမို့
မဟာမုနိ ထူးပါဘိဟု
မြတ်သည့်ဂုဏ်တော် မှန်းရည်မျှော်ကာ
ဦးတော်တင်ရ ဖူးမဝသည်
မြန်မာ့ဂုဏ်တင် - သမိုင်းဝင် ။
တုနှိုင်းမရှိ - မုနိရှင် ။
လျှောင်အံ့တု - ပီပီပြင် ။
* သြော်...
မဟာမုနိ အပြောရှိထက်
ဖူးမိခါမှ မြင်သာလှမို့
ပြောကြမယုံ ဖူးခွင့်ကြုံလျှင်
လက်စုံဦးတင် ဖူးမြော်မြင်ရင်း
ရင်တွင်းလှုပ်ခတ် ပီတိမြတ်ကို
ဖြတ်ဖြတ်ခံစား သဒ္ဓါပွားကာ
စကားအရာ ပိုမပါကို
ခါခါဖူးလှည့် - ဦးတင်လှည့် ။
ကြုံဆိုလျက်ပါ - ကိုရွှေညည့် ။ ။

မြတ်ထွဏ်းနောင်

# သာသနာပြုအဖွဲ့ သထုံလေးဆူဓာတ်စံရွှေစာရံဘုရားကို ဖူးမြော်၍ လှူဒါန်းကုသိုလ်ပြု



**မန္တလေး မေ ၃**

မန္တလေးမြို့ တောင်စလင်းတိုက်သစ် ဆရာတော် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်နှင့် နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဦးဆောင်သော ဥက္ကဋ္ဌ ဦးလှဝင်းနှင့်အဖွဲ့သည် သာသနာပြုခရီးစဉ် အမှတ် (၉၅)အဖြစ် မွန်ပြည်နယ်၊ သထုံမြို့ရှိ လေးဆူဓာတ်စံရွှေစာရံစေတီသို့ ရောက်ရှိကြစဉ် ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါစေတီတော်ကို ဖူးမြော်ကြည်ညိုပြီး ဘုရားကြီး၏ သာသနာပြုဂေါပကအဖွဲ့ထံသို့ သာသနာပြုအဖွဲ့ဝင်များက ငွေကျပ် တစ်သိန်းတစ်သောင်းငါးထောင်ကျပ်ကို နဝကမ္မအလှူတော်ငွေအဖြစ် ဥက္ကဋ္ဌကိုယ်စား ကော်မတီဝင် ဦးနိုင်နှင့်အဖွဲ့က ပေးအပ်လှူဒါန်းခဲ့ရာ ဘုရားဂေါပကဥက္ကဋ္ဌ ဦးခွန်သိန်းရွှေက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

၎င်းနောက် သာသနာပြုအဖွဲ့ဝင် ဥက္ကဋ္ဌ ဦးလှဝင်းက ယခုလို သာသနာပြုခရီးစဉ်တိုင်းတွင် လိုက်ပါလာသူများထဲမှ အသက်နှင့်ဝါကြီးသူ မွေမိတ်ဆွေတစ်ဦးဦးကို ပူဇော်ပွဲပြုလုပ်ပေးလျက်ရှိရာ မန္တလေးမြို့ခံ ခရီးစဉ်တွင် လိုက်ပါသူ အဘ ဦးသောင်းလှိုင် အသက် (၉၅)နှစ်ကိုလည်း ခရီးစဉ်လိုက်ပါသူ ကျန်အဖွဲ့က စုပေါင်း ပူဇော်ကန်တော့ပွဲအား အဆိုပါဘုရားရှိ ဓမ္မာရုံတွင် ဆက်လက် ကျင်းပခဲ့သည်။ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဤပူဇော်ပွဲအစီအစဉ်သည် အကြိမ်အားဖြင့် (၉၅)ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၄၉)




# မင်္ဂလာနှစ်ပတ်လည်အထိမ်းအမှတ် ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး မေ ၃**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရားဟောကြားချီးမြှင့်ပြီး မန္တလေးမြို့နေ အလှူရှင် ဦးတင်နိုင်စန်း+ ဒေါ်ဝင်းမင်းသန်းတို့က မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ကျပ်သိန်း၂၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ် သုံးသိန်း၊ စုစုပေါင်း ငွေကျပ် ၂၃သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(အပေါ်ပုံ) (PNT)

# မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ဂုဏ်ပြုပူဇော်ပွဲနှင့် ဝိဇာတမွေးနေ့မင်္ဂလာပွဲ အခမ်းအနား ကျင်းပ

**မိတ္ထီလာ မေ ၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊မုန်ပင်ဆည်စံပြကျေးရွာ၌ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ဂုဏ်ပြုပူဇော်ပွဲနှင့် သက်တော် ၈၄ နှစ်ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာပွဲအခမ်းအနားကို မေ ၂ ရက် နံနက် ၉ နာရီက မုန်ပင်ဆည်ကျောင်းတိုက်၌ ကျင်းပခဲ့သည်။



အဆိုပါ အခမ်းအနားတွင် ဦးစွာ မိတ္ထီလာမြို့ အသောကာရုံရေလည်ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော်နိုင်ငံတော် သြဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘာဝတ၊ မုန်ပင်ဆည်ကျောင်းတိုက်(ဘုန်းတော်ကြီးသင်ပညာကျောင်း) ဦးစီးပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိနယ၊ ပင့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ကြသည်။ ထို့နောက် မုန်ပင်ဆည်ကျောင်းတိုက်(ဘုန်းတော်ကြီးသင်ပညာကျောင်း) ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိနယထံမှ ငါးပါးသီလတရားတော်များကို ခံယူဆောက်တည်ကြပြီး ဆရာတော်ထံသို့ နိုင်ငံတော်မှဆက်ကပ်လှူဒါန်းခဲ့သော မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်အား ခရိုင်သာသနာရေးဦးစီးမှူး ဦးစိုင်းထွန်းလွင်ဦးက ထပ်ဆင့်ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ကြွရောက်လာကြသော ပင့်သံဃာတော်များထံသို့ လှူဖွယ်ဝတ္ထုပစ္စည်းများကို အလှူရှင်မိသားစုများက ဆက်ကပ်လှူဒါန်းကြသည်။ ၎င်းနောက် အသောကာရုံရေလည်ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော်နိုင်ငံတော် သြဝါဒါစရိယအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘာဝတထံမှ ရေစက်ချတရားတော်များကို နာယူခဲ့ကြကြောင်း သိရသည်။ (အပေါ်ပုံ) (၄၅၃)

# မန္တလေးရွှေနေအသင်းမှကြီးမှူး၍ ငလျင်ဘေးသင့်သူများအား လှူဒါန်းရန် ကမ်းလက်တွဲကူ ရန်ကုန်ရွှေနေများအဖွဲ့မှ ငွေများလှူဒါန်း

**မန္တလေး မေ ၃**

မန္တလေးရွှေနေအသင်းမှ ကြီးမှူးသော ငလျင်ဘေးသင့်အသင်းဝင်ရွှေနေများနှင့် ပြည်သူများအား လှူဒါန်းရန်အတွက် စေတနာရှင်များက အလှူငွေပေးအပ်ပွဲကို မေ ၂ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ၃၄လမ်းနှင့် ၆၅လမ်းရှိ မန္တလေးရွှေနေအသင်းရုံးခန်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ငလျင်ဘေးသင့်ရွှေနေများနှင့် ပြည်သူများအား ထောက်ပံ့ကူညီရန် ကမ်းလက်တွဲကူ ရန်ကုန်ရွှေနေများအဖွဲ့မှ ငွေကျပ်သိန်း ၈၀၊ ရန်ကုန်ရွှေနေအသင်းဥက္ကဋ္ဌ ဦးချစ်ကိုကို(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)က ငွေကျပ်ငါးသိန်းတို့ကို လှူဒါန်းရာ မန္တလေးရှေ့နေအသင်းဥက္ကဋ္ဌ ဦးဝမ်းမောင်နှင့် အသင်းအမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။

မန္တလေးရွှေနေအသင်းသည် ငလျင်အတွက် အလှူခံရရှိသောငွေများအား ငလျင်ဒဏ်ကြောင့် နေအိမ်ထိခိုက်ပျက်စီး ပြိုပျက်ခဲ့ရသော အသင်းဝင်ရွှေနေများအား တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းငါးသောင်းစီကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် နေအိမ်ထိခိုက်ပျက်စီးပြိုပျက်သွားသဖြင့် အောင်မြေသာစံမြို့နယ်၊သုခမ္မာဇရပ်တွင် ယာယီနေထိုင်သူများအား မုန့်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ဓာတ်ဆား၊ ဆေးဝါးနှင့် ရေသန့်ဘူးများအား အိမ်ထောင်စု ၂၅၀ အား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ (ဝဲပုံ) (၀၄၅)



# ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ပရိယတ္တိသာသနဟိတအသင်း စာဖြေဌာနများ ပြုပြင်ရန် ပြည်တွင်း၊ ပြည်ပစေတနာရှင်များမှ ငွေများလှူဒါန်း



**မန္တလေး မေ ၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြားရှိ ပရိယတ္တိသာသနဟိတအသင်းကြီးရှိ စာဖြေဌာနများ မတ် ၂၈ရက် ငလျင်ကြောင့် ပျက်စီးမှုများ၊ ပြိုကျမှုများဖြစ်ပေါ်ခဲ့သည်။သာသနာ့အာဇာနည်များ မွေးထုတ်ပေးရာ ပရိယတ္တိသာသနဟိတအသင်း စာသင်၊စာချ၊စာလျှောက်မေးခန်းစာမေးပွဲများ ပြန်လည်ကျင်းပနိုင်ရန်နှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား ပြန်လည်ပြုပြင်ရန် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များက ငွေများလှူဒါန်းလျက်ရှိရာ မေ ၁ ရက်က နာမ္မကူညီရေးအသင်း (ရန်ကုန်)မှ ငွေကျပ်သိန်း ၂၀၀၊ ပြင်ဦးလွင်မြို့ဖားအောက်တောရဆရာတော်နှင့် ဗီယက်နမ်အဖွဲ့က ငွေကျပ်သိန်း ၁၀၀၊ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့ SUPETT-EYYA Group မှ ငွေကျပ်သိန်း ၅၀၊ ကျိုက်ထိုမြို့ ဆရာတော်၊ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများက ငွေကျပ်သိန်း ၂၀၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ ဦးကိုကိုဝင်း+ ဒေါ်ခိုင်ခိုင်စိုး မိသားကစုက ငွေကျပ်သိန်း ၂၀၊ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့မှ ဆရာတော်နှင့် တပည့်များက ငွေကျပ် ၁၀၃၀၀၀၀၊ လှည်းကူးမြို့ ဓမ္မမာမကရိပ်သာနှင့် တောင်ကြီးမြို့မှ အလှူရှင်များက ငွေကျပ် ၁၀သိန်းတို့ကို လာရောက်လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

မောင်ပြည်သူ(မန္တလေး)

# စွန့်လွှတ်စွန့်စား မီးသတ်သမား ဖွဲ့စည်းဆောင်ရွက် ပြည်သူ့အတွက်

နှစ်စဉ် မေ ၅ ရက်သည် မြန်မာနိုင်ငံ၏ မီးသတ်တပ်ဖွဲ့နေ့ဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဖေဖော်ဝါရီ ၂၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် တိုင်းဒေသကြီး ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်ဦးစီးမှူးနှင့် မန္တလေးအရန်မီးသတ် ကြီးကြပ်မှုကော်မတီဝင်များ၊ ဒုတပ်ရင်းမှူးများ၊ တပ်ခွဲမှူး၊ ဒုတပ်ခွဲမှူးများ စုံညီစွာတက်ရောက်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးတွင် တိုင်းဒေသကြီးဦးစီးမှူးက(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများအနေဖြင့် မီးသတ်တပ်ဖွဲ့နေ့ကျင်းပရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ဆုချီးမြှင့်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးနှင့် သွေးလှူဒါန်းရေး၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ခင်းကျင်းပြသရေး၊ လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ဖိတ်ကြားရေး၊ သတင်းနှင့်ပြန်ကြားရေး၊ ဘဏ္ဍာငွေရှာကြံရေး၊ စာရင်းစစ်ဆေးရေး၊ အလှပြယာဉ်နှင့် မီးဘေးလှုံ့ဆော်ရေး၊ စစ်ရေးပြ၊ ရှာဖွေကယ်ဆယ်ရေး၊ စက်ကြီးပြိုင်ပွဲကျင်းပရေး၊ သက်ကြီးကန်တော့ပွဲ ထည့်သွင်းဆောင်ရွက်ရေးတို့ကို ဆပ်ကော်မတီများ အသီးသီးဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အခမ်းအနားကျင်းပနိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများကို မှာကြားခဲ့ပါသည်။

မီးသတ်လုပ်ငန်းသည် မွန်မြတ်သောပရဟိတအလုပ်ဖြစ်သည်။ မီးသတ်တပ်ဖွဲ့ဝင်များသည် မိမိတို့၏အသက်ကိုပင် ပဓာနမထားကြဘဲ အများအကျိုးအတွက် ကိုယ်ကျိုးကိုပင် စွန့်လွှတ်၍ ကူညီဆောင်ရွက်ပေးနေသူများဖြစ်ကြောင်း သိမြင်ကြားသိနေရပါသည်။ မန္တလေးမြို့သည် မြန်မာနိုင်ငံ၏အလယ်ပိုင်းတွင် တည်ရှိပြီး ပူပြင်းခြောက်သွေ့မှုဒဏ်ကို နှစ်စဉ်တွေ့ကြုံနေရသော အပူပိုင်းဒေသလည်းဖြစ်ပေသည်။ မီးလောင်မှုဖြစ်စဉ်များသည် နှစ်စဉ် မတ်လ၊ ဧပြီလ၊ မေလများတွင်ဖြစ်ပွားလေ့ရှိပြီး ဖြစ်စဉ်တိုင်းတွင်လည်း မီးသတ်တပ်ဖွဲ့ဝင်များသည် အချိန်မီရောက်ရှိငြိမ်းသတ်နိုင်ခဲ့ကြပါသည်။ သဘာဝဘေးဖြစ်သည့် လေဘေး၊ ရေဘေး၊ ငလျင်ဘေးများကိုလည်း မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနေကြသည်ကိုလည်း မြင်တွေ့ကြရပါသည်။

ကမ္ဘာ့လူသားမျိုးနွယ်စုများသည် ကမ္ဘာဦးအစ ကျောက်ခေတ်ကပင် မီးကို ရှာဖွေတွေ့ရှိအသုံးပြုခဲ့ကြပြီး သိပ္ပံပညာထွန်းကားသော ယနေ့ခေတ်တိုင်အောင် အသုံးပြုနေကြဆဲဖြစ်သည်။

လူသားများသည် မီးနှင့်ကင်းကွာ၍မရ။ ရှာဖွေလေ တွေ့ရှိလေဆိုသည့်အတိုင်း တိုးတက်လာသော ခေတ်စနစ်နှင့်အညီ သစ်၊ ဝါး၊ ထင်း အသုံးပြု၍ မီးကိုသုံးစွဲရာမှ မီးသွေးအသုံးပြုသောမီး၊ လောင်စာဆီ အသုံးပြုသောမီး၊ ဓာတ်ငွေ့အသုံးပြုသောမီး၊ မီးအမျိုးမျိုးကို အသုံးပြု၍ ချက်ပြုတ်စားသောက်ရာတွင်လည်းကောင်း၊ သွားလာရေးအတွက် ယာဉ်များ အသုံးပြုရာတွင်လည်းကောင်း၊ ရာသီဥတုပူပြင်းမှုဒဏ်ကို ကာကွယ်ရာတွင်လည်းကောင်း အလင်းရောင်ရရှိရေးအတွက် အီလက်ထရောနစ်လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ခဲ့ကြသည်။

မီးသည် လူသားအားလုံးအတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်မှာ ငြင်းပယ်၍ မရနိုင်သလို မြတ်ဗုဒ္ဓဟောပြတော်မူသော ရန်သူမျိုးငါးပါးတွင်လည်း ကြောက်စရာအကောင်းဆုံးရန်သူဖြစ်နေသည်ကိုလည်း မည်သူမျှငြင်းပယ်၍ မရနိုင်သောအရာပင်ဖြစ်ပါသည်။ မီးကို ရိုရိုသေသေဖြင့် ကိုင်တွယ်အသုံးပြုပါက ကောင်းကျိုးများစွာ ခံစားရသော်လည်း မီးကို စည်းကမ်းမဲ့စွာ သုံးစွဲပါက ပစ္စည်းဥစ္စာနှင့် အသက်အိုးအိမ်စည်းစိမ်များစွာတို့ ပျက်စီးဆုံးရှုံးကြရသည်ကိုလည်း မျက်မြင်တွေ့ကြုံနေကြရပေသည်။

ထိုကြောင့်ပင် ရှေးမြန်မာမင်းများလက်ထက်ကစ၍ မီးကိုသုံးစွဲရာတွင် စနစ်တကျဖြစ်စေရန် မီးတပ်သားများ ဖွဲ့စည်း၍ သတ်မှတ်အချိန်များတွင်သာ သုံးစွဲကြရန် မီးဆော်မောင်း အသုံးပြု၍ သတိပေးဆောင်ရွက်စေခဲ့သည်မှာ ပုဂံခေတ်မှ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ အမရပူရခေတ်၊ ရတနာပုံခေတ်အထိ ခေတ်အဆက်ဆက်နှင့် ယနေ့မျက်မှောက်ခေတ်ကာလအထိ မီးသတ်တပ်ဖွဲ့များကို စနစ်တကျဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံမီးသတ်သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်ပါက အေဒီ ၁၀၄၄ ခုနှစ် ပုဂံအနော်ရထာမင်းမြတ်သည် လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်စုံသော မင်းတစ်ပါးဖြစ်သည်နှင့်အညီ ပြည်သူ၊ ပြည်သားများကို မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန် ရည်ရွယ်ပြီး မီးတပ်သား၊ မီးသတ်တပ်ဖွဲ့ဝင် ၆၆၃ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး နေ့စဉ်ပင် မီးကို အချိန်အကန့်အသတ်ဖြင့် သုံးစွဲစေရန် မောင်းကြေးနင်းခတ်၍ သတိပေးနှိုးဆော်စေကြောင်း "သောသောည်း ပုဂံမီးတော် မောင်း"ဟူသော အမှတ်အသားများအရ သိရှိရပေသည်။

ပုဂံခေတ်အနော်ရထာမင်းနည်းတူ သက္ကရာဇ် ၇၂၉ခုနှစ်တွင် နန်းတက်သော အင်းဝခေတ် မင်းကြီးစွာစော်ကဲလက်ထက်တွင်လည်း မီးအန္တရာယ်ကင်းဝေးစေရန် သတိပေးထုတ်ပြန်ချက်များ ထုတ်ပြန်၍ ပြည်သူအများကို လိုက်နာစေခဲ့ပြန်သည်။

မြို့ဝန်၊ မြို့စာရေး၊ ထောင်မှူး၊ ထောင်စာချီတို့မှလည်း ရွှေနန်းတော်ပတ်လည် အတွင်း၊ အပြင် ခိုးသေး၊ မီးသေး၊ မီးပွား၊ ရာဇဝတ်နှင့်စပ်ဆိုင်သည်များကို အရှေ့ငါးတိုင်၊ မြောက်ငါးတိုင်အတွင်းတွင် ခိုးသေး၊ မီးပွား မပေါ်ပေါက်အောင် ကျပ်ကျပ်တည်းတည်း ဟုတ်မှန်တိုင်းစစ်ကြောစီရင်ဟု အမိန့်တော်ပြန်ခဲ့သည်။

ကုန်းဘောင်ခေတ် အလောင်းမင်းတရာကြီးဦးအောင်ဇေယျလက်ထက်တွင်လည်း မီးလောင်မှုဖြစ်စဉ်တစ်ခုကြောင့် ၁၁၁၉ ခုနှစ် တပေါင်းလဆန်း ၁ ရက်နေ့တွင် ပြည်သူများ မီးအန္တရာယ်မဖြစ်စေရေးအတွက် မီးသုံးစွဲချိန်နှင့် မီးငြိမ်းသတ်ချိန်များကို သတ်မှတ်ပေးခဲ့ပြီး မပြတ်စစ်ဆေးစေခဲ့သည်။ မီးလူဆော်(ခေါ်)မီးသတ်ခေါင်းဆောင်တစ်ဦးခန့်ထား၍ ၎င်းအောက်တွင် မီးသတ်သွေးသောက် ၅၀ ဦး ထားရှိပြီး တစ်ရက်လျှင် ငါးကြိမ်လှည့်ပတ်စစ်ကြောစေခဲ့ကြောင်းနှင့် မြို့ဝင်၊ မြို့ထွက်နေရာများတွင် ဆေးအိုး၊ ဆေးတံသောက်သုံးမှုကို တွေ့ရှိက လုယူသိမ်းဆည်း၍ မီးဘေးကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးတို့ကို တင်းတင်းကျပ်ကျပ် အလေးထားဆောင်ရွက်ရန် အိမ်ရှေ့မင်းသားအပါအဝင် မင်းညီမင်းသားများ၊ ဆွေတော်မျိုးတော်များကိုပါ တာဝန်ပေးခဲ့ကြောင်း အောက်ပါအထောက်အထားများအရ သိရှိရသည်။

အရပ်တွင် ခိုးသေးမီးပွားမှာလည်း မပေါ်မထွက်အောင် ညဥ့်နေ့နှိုးဆော်၍ တစ်လိုင်းအိမ်ကို ချွန်းချိတ်ဝါး ၁၀ စင်းတန်သည် ၅ စင်းတန်သည် စိုက်ထောင်ရှိစေ၊ အိမ်မိုးမှာလည်း ရေအိုးရေပြည့်ထားရှိစေ၊ ထမင်းချက်ပြုတ်သည်မှာလည်း ကျင်း ၃၆ ပြည့်တူး၍ ချက်ချိန်ကိုသာချက်စေ၊ နံနက်လေးချက်တီးကျော် သုံးမောင်းချက်ပြုတ်၍ မီးသေငြိမ်းစေ၊ ည သုံးချက်တီးကျော် နှစ်မောင်းတွင် မြို့ဝန်တို့ မောင်းခတ်လျှင် ထမင်းချက်စေ၊ ၎င်းသုံးချက်တီးကျော် ခုနစ်မောင်းကို မီးသေငြိမ်းစေ၊ ချက်ပြုတ်ချိန်မောင်းခတ်သည့်အချိန်အတွင်းက လွန်သည့်အချိန်တွင် တစ်အိမ်မျှ မီးပွားမီးပေါက် မီးပွင့်မရှိစေနှင့်၊ မီးကျင်းတွင် မီးဆော်တို့ အမှိုက်ကြက်မွေးနှင့် ထိုးစမ်းသပ်စေ၊ သေငြိမ်းသည့်ကာလဖြစ်လျက် မသေမငြိမ်းစမ်းသပ်သည့် အမှိုက်၊ ကြက်မွေးကို စွဲလောင်လျှင် မီးရှိသည့် အိမ်ရှင်ကိုခေါ်၍ မြို့ရုံးမှာ အပ်ရမည်။ လမ်းခရီးကိုလည်း ဆေးအိုးဆေးတံသောက်၍ မသွားမလာစေနှင့်။ သွားလာလျှင် ဆေးအိုးဆေးတံကို လုယူသိမ်းဆည်းထားရမည်။ မီးဆော်ကို တစ်နေ့ ငါးကြိမ် လှည့်ပတ်စစ်ကြောစေ။

မန္တလေးရတနာပုံမြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးရွှေလက်ထက်တော်တွင်လည်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကို အလေးထားဆောင်ရွက်ခဲ့ပြီး မီးငြိမ်းသတ်ရေးကို ကျွမ်းကျင်သော နိုင်ငံခြားသားမီးသတ်သမားများကို ခန့်အပ်တာဝန်ပေးခဲ့ကြောင်းနှင့် နိုင်ငံရပ်ခြားဥရောပနိုင်ငံများမှလည်း မီးသတ်စက်နှစ်လုံးနှင့် မီးငြိမ်းသတ်ကိရိယာများလှူဒါန်းခဲ့သည်ကို လက်ခံတော်မူပြီး အီတာလျှံပြည်မှ ဓာတ်မီးသေတ္တာတစ်လုံး ဆက်သလာသည်ကို ရွှေနန်းတော်အတွင်းမှာပင် စမ်းသပ်ဖွင့်စေရာ မီးခိုးမီးလျှံများ နန်းတော်တစ်ခုလုံးဖုံးလွှမ်းခဲ့သဖြင့် မင်းတုန်းမင်းကြီးခန့်အပ်ထားသည့် ပိတ်စ၊ စံပယ်၊ နှင်းဆီ၊ ဖြူလိပ်အမည်ရှိ နိုင်ငံခြားသားလေးဦးက ငြိမ်းသတ်ပေးခဲ့ရကြောင်း မှတ်တမ်းဟောင်းများအရ သိရသည်။

မန္တလေးရတနာပုံနေပြည်တော်အတွင်း တိုင်းသူပြည်သားများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန် စနစ်တကျကြပ်မတ်စေတော်မူပြီး မီးလောင်မှုဖြစ်ပွားပါက တာဝန်ရှိသူ မြို့ဝန်၊ ပြဝန်တို့ကို အရေးယူမှုများပြုသည်အထိ အလေးဂရုပြုကာ ဆောင်ရွက်တော်မူခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၃၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်နေ့တွင် နန်းတော်ကြီး၏အနောက်ဘက် စည်ရှင်ဈေးပတ်လည် မီးလောင်မှုဖြစ်ပွားခဲ့ရာ မက္ခရာမင်းသားကြီးကိုယ်တိုင် ဦးဆောင်ပြီး နောက်တော်ပါများနှင့် မီးငြိမ်းသတ်ခဲ့ရာ စတင်မီးလောင်စဉ်က သေချာကြပ်မတ်ဆောင်ရွက်ပါက မီးငြိမ်းတန်လောက်ပါလျက် မြို့ဝန်၊ ပြဝန်တို့ ကြီးကြပ်ဆောင်ရွက်မှုအားနည်းခဲ့သဖြင့် တစ်ညလုံး မီးလောင်ခဲ့ပြီးနောက် တစ်နေ့မနက်အစောပိုင်းမှ မီးငြိမ်းခဲ့သည့် ထိုမီးလောင်မှုတွင် အိမ်ခြေ ၇၀၀ ကျော်မီးသင့်ခဲ့ရသဖြင့် တောင်မြို့ဝန်ဦးပေစိနှင့် မြောက်မြို့ဝန်ဦးသာအိုးတို့ကို သံခြေချင်းနှစ်ဆင့်ခတ်၍ ထောင်တွင်း အကျဉ်းချခဲ့ပြီး ကမ်းနီအတွင်းဝန်ကို ရာထူးမှချကာ လွှတ်တော်ပို့၍ စီရင်စေခဲ့ကြောင်း သမိုင်းမှတ်တမ်းများတွင် ဖော်ပြခဲ့သည်ကို တွေ့ရှိရပါသည်။

၁၈၂၄ခုနှစ် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားချိန်တွင် ရန်ကုန်မြို့တွင် ဗြိတိသျှစစ်သည်များက မီးတုတ်များကို ကိုင်ဆောင်၍ ရွှေ့ပြောင်းမှုများ ပြုလုပ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ ပြည်သူများ၏ စည်းစိမ်ဥစ္စာများ များစွာဆုံးရှုံးခဲ့ရသည်။ မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားသူများက ဝိုင်းဝန်းငြိမ်းသတ်ကြသော်လည်း မီးငြိမ်းသတ်သည့်ကိရိယာများ မပြည့်စုံခြင်း၊ ကျွမ်းကျင်မှုမရှိခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး များပြားခဲ့ရသည်။

၁၈၇၄ ခုနှစ်တွင် ဗြိတိသျှအစိုးရက အုပ်ချုပ်မှုပုံစံတွင် မြူနီစီပါယ်အက်ဥပဒေကိုရေးဆွဲ၍ ထိုဥပဒေပါအတိုင်း မြန်မာတစ်နိုင်ငံလုံးရှိ မြို့ကြီးများတွင် မြူနီစီပါယ်ကော်မတီများဖွဲ့စည်းကာ ၁၈၇၄ ခုနှစ်တွင် ရန်ကုန်၊ တောင်ငူ၊ မော်လမြိုင်တို့တွင်လည်းကောင်း၊ နိုဝင်ဘာ ၅ ရက်တွင် ပုသိမ်မြို့ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် ပြည်မြို့တွင်လည်းကောင်း စတင်ဖွဲ့စည်းပြီး မီးသတ်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထိုအချိန်က ရန်ကုန်မြို့ မီးဘေးကာကွယ်ရေးအတွက် လူအားသုံးမီးသတ်စက်လေးခုကို အလေးထားအသုံးပြုခဲ့ပြီး ၁၈၈၁ ခုနှစ်တွင် ရေနွေးငွေ့သုံးမီးသတ်ယာဉ်နှစ်စီး ဖြည့်တင်းဆောင်ရွက်ခဲ့သည်။ အဆိုပါ မီးသတ်ယာဉ်များကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းတွင် ထားရှိခဲ့ပြီး မီးလောင်မှုဖြစ်စဉ်များကို မြူနီစီပါယ်အလုပ်သမားများက လူအားဖြင့် ဆွဲယူငြိမ်းသတ်မှုများ ဆောင်ရွက်ကြရပြီး ၁၈၈၄ ခုနှစ်တွင် မြူနီစီပါယ်အက်ဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့သည်။

၁၈၈၃ ခုနှစ်တွင် ရန်ကုန်မြူနီစီပါယ်ကော်မတီမှ မြူနီစီပါယ်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ထိုအဖွဲ့၏တာဝန်မှာ ရန်ကုန်မြို့တွင် အရေးပါသော မြူနီစီပါယ်အဆောက်အအုံများ မီးဘေးအန္တရာယ်မှ ကာကွယ်ရန် လူအားသုံး မီးသတ်စက်(လက်နှိပ်ပန့်) အကြီးစားလေးခုကို စတင်အသုံးပြုခဲ့သည်။ ဆင်ခြေဖုံးရပ်ကွက်များအတွက် အသေးစားလက်နှိပ်ပန့်နှင့် မီးချိတ်များ၊ လှေကားများ အသုံးပြုခဲ့ကြရသည်။ ၁၈၈၃ ခုနှစ်ရောက်မှ ရေနွေးငွေ့သုံး မီးသတ်ယာဉ်တစ်စီးဝယ်ယူခဲ့ပြီး ရေနွေးငွေ့သုံးယာဉ်များကို ကိုင်တွယ်အသုံးပြုနိုင်မည့် အမြဲတမ်း မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ကာ မီးသတ်တပ်ဖွဲ့ဝင်များ ခန့်ထားပေးခဲ့သည်။ တစ်ချိန်တည်းတွင် မြူနီစီပါယ်ကော်မတီ၏ စည်းကမ်းနှင့်အုပ်ချုပ်မှုများအတိုင်း စေတနာ့ဝန်ထမ်းမီးသတ်များကိုလည်း စနစ်တကျဖွဲ့စည်း၍ မီးသတ်တပ်ဖွဲ့များကို မီးသတ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ကြသည်။

၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့ဗြိတိသျှလက်အောက်သို့ ကျရောက်ခဲ့ပြီး အင်္ဂလိပ်တို့က ၎င်းတို့၏ စီးပွားရေးအချက်အချာကျသော မြို့များဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေမြို့များတွင် ၎င်းတို့၏အကျိုးစီးပွားအတွက် ရည်ရွယ်၍ မြန်မာနိုင်ငံသား တစ်ဦးမှမပါသော အင်္ဂလိပ်ကပြား စစ်တကောင်းကုလားများဖြင့် မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။ ၁၉၁၂ ခုနှစ်တွင် ရန်ကုန်မြူနီစီပါယ်မှ ရန်ကုန်ဗဟိုမီးသတ်အဆောက်အအုံကို ရူပီးငွေ ၄၀၀၀ ကျော် အကုန်အကျခံ၍ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်ဖော်ပြပါမည်။

**မောင်ရန်ရှင်း(ရန်ကင်းတောင်)**



## တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုနိုင်ရန် လေ့ကျင့်သင်ကြားမှုလုပ်ငန်းစဉ်များ သွားရောက်စစ်ဆေး

**မန္တလေး မေ ၃**

မန္တလေးလျှင်ကြောင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ မီးလောင်ပျက်စီးခဲ့ရသဖြင့် စာမေးပွဲပြန်လည်ဖြေဆိုရမည်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်စီမံမှုဖြင့် အခြေခံပညာဦးစီးဌာနမှ Grade-12 သင်ဆရာ၊ ဆရာမများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များမှ ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားမှုများကို ဧပြီ ၂၈ ရက်မှစတင်၍ သင်ကြားလျက်ရှိသည်။

ပြန်လည်လေ့ကျင့်သင်ကြားနေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဝင်းရွှေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များက အနီးကပ်ပြန်လည်သင်ကြားပို့ချနေမှုများကို သွားရောက်ကြည့်ရှုခဲ့ကြပြီး စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားများ ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များသည် အ.ထ.က(၁၅)အတွင်း လျှော်သင့် ကျောင်းသား၊ ကျောင်းသူများအတွက် Camp(စခန်းသွင်း)ဖွင့်လှစ်သင်ကြားနေမှုများကို သွားရောက်ကြည့်ရှုခဲ့ရာ လိုအပ်သည်များကို မှာကြားခဲ့သည်။

ချမ်းအေးသာစံမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံဖြေဆိုသူ ၁၅၃၅ ဦး ဖြေဆိုခဲ့ပြီး ပြန်လည်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုရန်အတွက် ပြန်လည် သင်ကြားရေးတွင် ဧပြီ ၃၀ ရက် စာရင်းအရ ၁၁၆၇ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

ချမ်းမြေ့မောင်

## ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**တောင်တွင်းကြီး မေ ၃**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ တောင်တွင်းကြီးမြို့နယ်အတွင်း အခြေခံစားသောက်ကုန်နှင့် လုပ်ငန်းသုံးပစ္စည်းများ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အခြေခံစားသောက်ကုန်လုပ်ငန်းရှင်များနှင့် လုပ်ငန်းသုံးပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များအနေဖြင့် ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေး အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါ်ဌေးဌေးက ကုန်ပစ္စည်းများအား သင့်တင့်မျှတသော ကုန်ဈေးနှုန်းဖြင့်သာရောင်းချရန်၊ ဈေးနှုန်းမြင့်တင်ရန် ရည်ရွယ်၍ အခြေခံစားသောက်ကုန် (ကုန်ခြောက်)များနှင့် လုပ်ငန်းသုံးပစ္စည်းများ သိုလှောင်ထားခြင်းမပြုရန်၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာရမည့် တာဝန်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ တားမြစ်ချက်များအကြောင်း အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။(အပေါ်ပုံ)

နောင်နောင်(မိဿနိုးမြေ)

## မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်

**ချောက် မေ ၃**

မေ ၅ရက်တွင်ကျရောက်မည့်(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်း ဦးစီး၍ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ မေ ၃၀ ရက် နံနက် ၈ နာရီခွဲက ချောက်မြို့၊ အမှတ်(၁၀)၊ အေးစေတီရပ်ကွက်တွင် တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ယာပုံ) (၄၇၂)





## အသက်နှစ်နှစ်အောက် ကလေးများအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

**ကျွန်းလှ မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် မွေးစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များ ကျန်းမာစေရန်၊ ခန္ဓာကိုယ်ဖွံ့ဖြိုးပြီး ရောဂါကင်းဝေးစေရန်အတွက် ပုံမှန်ကာကွယ်ဆေးများ လစဉ် ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။

"ကျွန်းလှမြို့နယ်အတွင်းရှိ မွေးစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များကို အသက်အပိုင်းအခြားလိုက် မြို့ပေါ်ရပ်ကွက်ရှိ ကလေးငယ်များအား မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနနဲ့ ကျေးရွာများရှိ ကလေးငယ်များအား မြို့နယ်ပြည်သူ့ဆေးရုံစုရပ်များမှာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နဲ့အညီ စနစ်တကျ ထိုးနှံတိုက်ကျွေးပေးပါတယ်" ဟု မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကလေးများအား ဝက်သက်-ဂျိုက်သိုး၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဝမ်းပျက်ဝမ်းလျှောနှင့် ငါးမျိုးစပ်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၀)

## လျှင်သင့် ပြိုကျယိုင်နဲ့နေသည့် အဆောက်အအုံများ၊ ကျောင်းတိုက်များရှိ အုတ်ကျိုးများ ရှင်းလင်းဖယ်ရှားခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**မန္တလေး မေ ၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ မြို့နယ်များအတွင်းရှိ လျှင်သင့်အဆောက်အအုံများကြောင့် အများပြည်သူသွားလာလျက်ရှိသည့် အဓိကလမ်းမကြီးများတွင် လမ်းပိတ်ဆို့မှုနှင့် ယာဉ်ကြောရှုပ်ထွေးမှု မရှိစေရေးတို့အတွက် ရှင်းလင်းဖယ်ရှားခြင်းနှင့် အုတ်ကျိုးများ၊ အမှိုက်များ သန့်ရှင်းရေးလုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် စက်ယန္တရားအင်အား၊ လူအင်အားတို့ဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ယနေ့ နံနက်ပိုင်းမှစ၍ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ဝါခင်းကုန်းဘုရားအရှေ့ ဣန္ဒာသယတိုက်ကျောင်း စောင်းတန်းအဆောက်အအုံ၊ ၂၆လမ်း၊ ၉၂ လမ်းနှင့် ၉၃လမ်းကြား၊ ၂၆လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြား၊ ၂၆ လမ်း၊ ၇၃လမ်း၊ ၂၆လမ်း၊ ၇၉ လမ်းနှင့် လမ်း၈၀၊ ၈၄လမ်း၊ ၂၈ လမ်းနှင့် ၂၉လမ်းကြားတို့ရှိ လျှင်သင့် အဆောက်အအုံများနှင့် လမ်း၈၀မှ ကမ်းနားလမ်းအထိ မြေစာများရှင်းလင်းခြင်းတို့ကို လည်းကောင်း၊ မဟာအောင်မြေမြို့နယ်အတွင်း အိမ်ရှင်များ အစီအစဉ်ဖြင့် လျှင်သင့်အဆောက်အအုံများဖြစ်သည့် ၇၃လမ်းနှင့် ၇၄လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ ၄၂လမ်း၊ ၈၃လမ်းနှင့် ၈၄ လမ်းကြား၊ ၄၅လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြား၊ ၄၁လမ်း၊ ၈၃ လမ်းနှင့် ၈၄လမ်းကြား၊ ၅၆လမ်း၊ ၃၇လမ်းထောင့်၊ ၆၈လမ်း၊ ၄၃ လမ်းနှင့် ပြည်ကြီးမျက်ရှင်ယာဉ်ရပ်နားစခန်းတို့ရှိ လျှင်သင့်အဆောက်အအုံများကို လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ မဟာဗောဓိကျောင်း၊ ကမ္ဘာ့ဝါတန်း၊ တံခွန်တိုင်ရပ်ကွက်တို့တွင်လည်းကောင်း၊ အမရပူရမြို့နယ်အတွင်းရှိ ဆင်စွယ်ပွတ်ရပ်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ မန္တလေး-စစ်ကိုင်းလမ်းရှိဘုရား၊ သုံးဆူ၊ ဆင်စွယ်ပွတ်ရပ်ကွက်ကျော်အောင်စံထားကျောင်း၊ အိုးတော်ရပ်ကွက်၊ ဉဿျစ်ပင်ကျောင်းတိုက်၊ မှန်တန်းရပ်ကွက်၊ ပွဲပါကျောင်း၊ လေးစုရပ်ကွက်၊ အ.ထ.က(၁)ငယ်တိုးကျွန်းတောသံလမ်းဘေး၊ ကမ်းနားလမ်း၊ ရွှေဂံစောရှင်တို့ရှိ အန္တရာယ်ရှိကျောင်းအဆောက်အအုံများ၊ စေတီပျက်နှင့် ကျောင်းအဆောက်အအုံပျက်အုတ်ကျိုးများ၊ ကျောင်းဝင်းအတွင်းနှင့် ပတ်ဝန်းကျင်ရှင်းလင်းခြင်း၊ အမှိုက်ပုံများ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို တပ်မတော်သားများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သန့်ရှင်းရေးဝန်ထမ်းများ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအဖွဲ့အစည်းတို့ ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (အောက်ပုံ)

(မန္တလေးနေ့စဉ်-၅)



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Zhaolusi က ပရဟိတအလုပ်ဆုံးနှင့် လှူဒါန်းမှုရက်ရောသူ ဖြစ်ခဲ့

တရုတ်အနုပညာရှင် ကျန်းလူဆီသည် Charity ပရဟိတအလုပ်ဆုံးနှင့် အလှူအတန်းရက်ရောဆုံးသူဖြစ်၍ အလှူဇယားတွင် ထိပ်ဆုံးရပ်တည်နေသူဖြစ်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကျန်းလူဆီသည် အနုပညာရှင်မဖြစ်မီကပင် တက္ကသိုလ်ကျောင်းသူဘဝနှင့် မုန့်ဖိုးများ စုပြီး လစဉ်တိရစ္ဆာန်ဂေဟာသို့ ထောက်ပံ့လှူဒါန်းခဲ့သူဖြစ်ပြီး သူမဖျားနာခင်က ပင်ပန်းနေသော်လည်း အနားမယူဘဲ ပရိသတ်ကို နွေးထွေးစွာ ဆက်ဆံတတ်ကာ လိုအပ်သောနေရာများကို လူမသိ သူမသိ လှူဒါန်းတတ်သည်။

တရုတ်အနုပညာရှင်များ၏ အလှူဇယားထိပ်တွင် ကျန်းလူဆီ၏ အမည်မှာ ထိပ်ဆုံးနေရာ၌ ရပ်တည်နေသည်။ (SKY)




## Life of Pi အော်စကာလေးဆုရ ရုပ်ရှင်ဖြစ်

အိန္ဒိယရုပ်ရှင်ဇာတ်ကားဖြစ်ပြီး အင်္ဂလိပ်စကားပြော၍ အိန္ဒိယအငွေ့အသက်များနှင့် စိတ်ခွန်အားပေးထားသည့် Life of Pi မှာ အော်စကာလေးဆု ရရှိထားသည့် ရုပ်ရှင်ဖြစ်ကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် အိန္ဒိယမှ မိသားစုဝင်လေးဦးနှင့် ကျောင်းသားလေး တိရစ္ဆာန်ရုံဖွင့်ထားကာ စီးပွားရေးအဆင်မပြေသဖြင့် အရွယ်ရောက်ချိန်တွင် ကနေဒါသို့ ပြောင်းရွှေ့ခဲ့သည်။ တိရစ္ဆာန်များကို ရောင်းချရန် မြောက်အမေရိကသို့ ဂျပန်ကုန်တင်သင်္ဘောနှင့်အတူ သွားရင်းလေးရက်မြောက်ညတွင် မုန်တိုင်းမိပြီး တစ်ဦးတည်း တိရစ္ဆာန်အဖော်များနှင့် ကျန်ရစ်ခဲ့သည်။

မြင်းကျား၊ ခွေးအ၊ မျောက်ဝံနှင့်အတူ ကျားတစ်ကောင်ပါဝင်ပြီး ခွေးအ က မြင်းကျားနှင့် မျောက်ဝံကိုစားပစ်၍ ကျားနှင့်အတူ ပစိဖိတ်သမုဒ္ဒရာအလယ် အရှုံးမပေးသောစိတ်ဓာတ်နှင့် ကုန်းမြေပေါ်ရောက်လာခဲ့ပုံဖြစ်၍ ဘဝတွင်အခက်အခဲများ ကြုံလာလျှင် အကောင်းဆုံးကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ချက်နှင့် တင်ဆက်ရိုက်ကူးထားသည်။ (SKY)

## Coldplay က BTS မှ Jin နှင့် ဂီတပွဲအတူ ဆင်နွှဲခဲ့

ဟောလိဝုဒ်အနုပညာရှင် ကိုပလေးရီနူးရှင်းက ဘီတီအက်စ်အဖွဲ့ဝင် ဂျင်(ခေါ်)ကင်ဆွတ်ဂျင်နှင့်အတူ Argentina Concert River Plate Film တို့တွင် ပူးပေါင်းခဲ့ပြီး 2025 ခုနှစ် ဂီတပွဲကို ဂျင်က အရင်ကမ်းလှမ်းခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကိုပလေးရီနူရှင်းနှင့် ဂျင်တို့နှစ်ဦး စင်ပေါ်တွင် The Astronaut ကို အတူ မဆိုမီ မိတ်ဆက်ရာ၌ ဘီတီအက်စ် အဖွဲ့မှ ဂျင်ဖြစ်ကြောင်း ကိုပလေးကလည်း နံပါတ်တစ် ဘီတီအက်စ်ဖြစ်ပြီး သူက ဒုတိယနေရာဖြစ်ကြောင်း သင်တန်းပြီးဆုံးခဲ့ပြီ ယခုထိ ချောမောနေဆဲဖြစ်ကြောင်း လွန်ခဲ့သည့်နှစ်နှစ်ခွဲက အာဂျင်တီးနားတွင် အတူဖျော်ဖြေခဲ့ကြောင်း ရင်းနှီးစွာ ပြောကြား၍ ဖျော်ဖြေခဲ့ကြသည်။

ကိုပလေး၏ အမာခံပရိသတ်ဖြစ်သော ဂျင်က ၂၀၂၁ ခုနှစ် My Universe သီချင်းထွက်ပြီး အင်တာဗျူးတွင် ပြောကြားခဲ့ရာ၌ ကိုပလေးနှင့်အတူ ဖျော်ဖြေရန် စတင်ပြောကြားခဲ့ပြီး သင်တန်းတက်ခဲ့ရကြောင်း ၂၀၂၃ ခုနှစ်တွင် ဂျင်အတွက် အချိန်မရခဲ့၍ ၂၀၂၅ ခုနှစ်မှ အတူ ဖျော်ဖြေရန် ဖြစ်ခဲ့ကြောင်း ဂျင်နှင့်ပတ်သက်၍ ဘီတီအက်စ်တစ်ဖွဲ့လုံးကို ချစ်ခဲ့ကြောင်း ခရစ်မာတင်နှင့် ပြောကြားထားသည်။

(SKY)




## Jo In Sung နှင့် Cha Tae Hyun တို့ Base Camp ကုမ္ပဏီတည်ထောင်ထား

ကိုရီးယားနာမည်ကြီး အနုပညာရှင်နှစ်ဦးဖြစ်ကြသည့် ဂျိုအင်ဆောင်းနှင့် ချာတေဟွမ်တို့ နှစ်ဦး Base Camp အင်တာတိန်းမင့်ကုမ္ပဏီကို တည်ထောင်ခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျိုအင်ဆောင်းနှင့် ချာတေဟွမ်တို့မှာ နောက်ကျမှ ကုမ္ပဏီတည်ထောင်ခဲ့ခြင်းဖြစ်ကာ လက်ရှိနာမည်ကြီး မင်းသား လီမင်ဟို၊ ဂျီဆောင်၊ အန်ဟိုဆွတ်၊ ဟွမ်ဘင်း၊ ဆောင်ဂျောင်ကီး၊ ကင်ဆူဟွမ် (ပြဿနာဖြေရှင်းနေသူ)တို့က ကိုယ်ပိုင်အေဂျင်စီများ ထောင်ထားကြကာ လုပ်ပိုင်ခွင့်များ၍ အမြတ်များစွာ ရရှိထားကြသည်။

(SKY)







## Xiao Zhan ကို The Unlimited Spy ရိုက်ကူးရေး အတည်ပြု

တရုတ်အနုပညာရှင် ရှောင်ကျန့်ကို The Unlimited Spy ရိုက်ကူးရန် Youku မှ အတည်ပြုထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားရိုက်ကူးရန် ၂၀၂၄ ခုနှစ်မှစ၍ ပြင်ဆင်ခဲ့ပြီး ရှောင်ကျန့်ကို ဇာတ်ညွှန်းပို့ကမ်းလှမ်းထားရာ လက်ခံ၍ သတင်းထုတ်ခြင်းကို မတ် ၁၂ ရက်က ထွက်ရှိ၍ ဧပြီ ၁၁ ရက်တွင် ရိုက်ကူးရေးဆက်တင်ချထားပုံ ၁၅ ရက်တွင် မှတ်ပုံတင်စာထွက်ရှိပုံ ၁၇နှင့် ၁၈ ရက်တွင် Offical Dauyin Account နှင့် Offical Weibo Account ဖွင့်၍ မေလကုန်တွင် ရိုက်ကူးရေးစတင်မည် ဖြစ်သည်။

ထိုသတင်းထွက်ရှိလာပြီး တရုတ်အနုပညာလောကတွင် 'လူတစ်ယောက်တည်းနှင့် ပြီးတယ်' ဟူသော စကားထွက်ရှိလာရာ Single Pass Approval ဟူ၍ ဖြစ်သည်။

ရှောင်ကျန့်၏ ဇာတ်ကားသယ်ဆောင်နိုင်စွမ်း၊ ရင်းနှီးမြှုပ်နှံသူများ သူ့အပေါ် ယုံကြည်မှုစသည်တို့ ပါဝင်၍ ကျန်သည့်အရာ စဉ်းစားစရာမလိုဟု ဆိုခဲ့ရာ အချို့ကလည်း အသုံးချသည်ဟု ဝေဖန်ထားကြသည်။

(SKY)

0-0-0-0-0

## Kiii Kiii အဖွဲ့ အစကောင်းသော်လည်း လားရာပျောက်ခဲ့

ကေပေါ့ပ်ပဥ္စမမျိုးဆက်သစ် Kiii Kiii အဖွဲ့၏ ဂီတသစ် BTG မှာ ရောပြွန်းနေသော ဂီတပုံစံကြောင့် အစကောင်းခဲ့သော်လည်း လားရာပျောက်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဖွဲ့ဝင်ငါးဦး၏ လတ်ဆတ်မှု၊ အခြားအဖွဲ့ပုံစံများနှင့် ကွဲထွက်နေမှုတို့ကြောင့် ပရိသတ်ရင်ထဲရောက်ရှိခဲ့ကြပြီး I Do Me နှင့် ယှဉ်လျှင် BTG မှာ ဂီတပုံစံရောပြွန်းနေ၍ လားရာပျောက်ခဲ့သည်။

ကီကီအဖွဲ့၏ ခေါင်းစီးသီချင်း Been That Girl မှာလည်း တစ်ပုဒ်ထဲတွင် စတိုင်လ်နှစ်မျိုးကွဲထွက်နေပြီး ရှုပ်ထွေးနေခဲ့ကာ IVE မှ ခွဲထွက်ရန် အစွမ်းကုန်ကြိုးစားနေပုံပေါက်သည်ဟု ပရိသတ်ဝေဖန်ထားကြသည်။

အဖွဲ့၏ အရည်အသွေးကို ပြသရန်အတွက် ကီကီအဖွဲ့ ကြိုးစားကြရန် လိုသေးကြောင်း ထောက်ပြထားကြပြီးနောက် ထွက်ရှိလာမည့်ဂီတကို စောင့်မျှော်နေကြသည်။

(SKY)

0-0-0-0-0



## မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့် အိမ်ထောင်စုများအား အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာဖိုးငွေများ ထောက်ပံ့ပေးအပ်

**မိတ္ထီလာ မေ ၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်အိမ်ထောင်စုများအား ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာဖိုးငွေများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အတွင်းရှိ ရပ်ကွက် ၈ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၅ အုပ်စုမှ ကျေးရွာ ၂၈ ရွာတို့ရှိ လုံးဝပျက်စီးသည့် လူနေအိမ် ၃၂ အိမ်၊ တစ်စိတ်တစ်ပိုင်းပျက်စီးသည့် လူနေအိမ် ၆၄ အိမ်၊ စုစုပေါင်းလူနေအိမ် ၉၆ အိမ်မှ အိမ်ထောင်စု ၉၆ စုတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေ စုစုပေါင်းငွေကျပ် ၉၆၀၀၀၀၀ နှင့် အဆိုပါအိမ်ထောင်စုများမှ လူဦးရေ ၃၈၄ ဦးတို့အတွက် ဆန်ရိက္ခာဖိုး စုစုပေါင်းငွေကျပ် ၁၉၂၀၀၀၀ တို့ကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးစိုးနှင့်တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၅၃)






## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကုသိုလ်ပြုလုပ်ငန်းများ ဆောင်ရွက်

**အောင်လံ မေ ၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန္နေ့နံနက် ၈ နာရီ က အောင်လံမြို့၊ ရွှေပြောင်ပြောင်စေတီတော်ဘုရားပရဝဏ်အတွင်း၌ ကုသိုလ်ပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်း ဦးဆောင်၍ မီးသတ်ဦးစီးဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရွှေပြောင်ပြောင်စေတီတော်ဘုရားပရဝဏ်အတွင်းရှိ ဘုရား၊ စေတီပုထိုးများအား ရေသပ္ပါယ်ခြင်းနှင့် ရင်ပြင်တော် သန့်ရှင်းရေးလုပ်ငန်းများကို ကုသိုလ်ပြုဝိုင်းဝန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

အာကာ(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲ ကျင်းပ



**မိုင်းယောင်း မေ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ဝမ်ဘိုးကျေးရွာအုပ်စု၊ နားဖန်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်း ဖွင့်ပွဲအား ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မိုင်းယောင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် တာဝန်ရှိသူများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။ ထို့နောက် ခင်းကျင်းပြသထားသော အပ်ချုပ်ထည်များအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ရာဇီ(ပြန်/ဆက်)

## ကျောင်းသား၊ ကျောင်းသူများအား Day Camp စခန်းသွင်း လေ့ကျင့်သင်ကြားပို့ချ



**မြစ်သား မေ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရွှေသူဌေးရပ်ကွက်ရှိ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းနှင့် သာလွန်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း Grade-12 စာမေးပွဲကို ပြန်လည်ဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများအား Day Camp စခန်းသွင်းပြီး ကျောက်ဆည်တက္ကသိုလ်မှ ဆရာ၊ ဆရာမများက ယနေ့နံနက် ၉ နာရီက လေ့ကျင့်သင်ကြားပို့ချခဲ့သည်။

ထို့နောက် မြစ်သားမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်တို့သည် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်တန်း Grade-12 စာမေးပွဲကို ပြန်လည်ဖြေဆိုမည့် Day Camp စခန်းသွင်းလေ့ကျင့်သင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများကို စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရန်နှင့် အောင်ချက်မြင့်မားရန်အတွက် လိုအပ်သည့်အကူအညီများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝါဝါမြင့်(မြစ်သား)

## ငလျင်ဘေးသင့်ပြည်သူများအား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးရန်အတွက် စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ



**မိတ္ထီလာ မေ ၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ငလျင်ဘေးသင့်ပြည်သူများအား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးရန်အတွက် စိတ်လူမှုဆိုင်ရာ ပံ့ပိုးခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းဆောင်ရွက်သည့်အဖွဲ့ထံမှ သိရသည်။

မိတ္ထီလာမြို့နယ်တွင် ငလျင်ဒဏ်ကြောင့် လူသေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ နေအိမ်ပြိုလဲပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ၄င်းထိခိုက်ခံစားရသော ပြည်သူများအား လူမှုဝန်ထမ်းဦးစီးဌာနမှ စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားသော နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မိတ္ထီလာခရိုင်တို့မှ စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်း ဆောင်ရွက်သည့်အဖွဲ့ဝင်များက ကွင်းဆင်း၍ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အဖွဲ့ဝင်များက လူမှုဝန်ထမ်းဦးစီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှုလုပ်ငန်းများ ဆောင်ရွက်ရခြင်း အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှုလိုအပ်နေသူများနှင့် စကားပြောဆိုခြင်း၊ လက်ဆောင်များ ပေးအပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးရန်အတွက် စိတ်လူမှုဆိုင်ရာ ပံ့ပိုးခြင်းလုပ်ငန်းကို ဧပြီ ၂၅ ရက်မှ မေ ၄ ရက်အထိ ဆောင်ရွက်လျက်ရှိရာ ၄င်းလုပ်ငန်းကို ရပ်ကွက် ၃ ခုနှင့် ကျေးရွာအုပ်စု ခုနစ်စုတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၄၆၉)



## ကွယ်လွန်သူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် လျှောင်ဘေးသင့်ပြည်သူများအား စားသုံးကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်

**တံတားဦး မေ ၃**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ကွယ်လွန်သူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ငလျင်ဘေးသင့်ပြည်သူများအား လတ်တလော စားသောက်ရေး အဆင်ပြေစေရန် တစ်လစာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် နေအိမ်ပြိုကျပျက်စီးမှုများအား ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက တံတားဦးမြို့ အမှတ်(၂)ရပ်ကွက်၊ ဆုံကုန်းရပ်ရှိ မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောက်ဆည်တပ်နယ်မှ ဗိုလ်မှူးချုပ် တိုးမြင့်ကျော်နှင့် တာဝန်ရှိသူများ၊ တံတားဦးခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့် အဖွဲ့ဝင်များ၊ တံတားဦးမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့်အဖွဲ့ဝင်များ၊ ငလျင်ဘေးသင့်ပြည်သူများက ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ခန့် ငြိမ်သက်ခြင်း ဆောင်ရွက်ကြသည်။ ဆက်လက်၍ ကျောက်ဆည်တပ်နယ်မှ ဗိုလ်မှူးချုပ် တိုးမြင့်ကျော်က ငလျင်ဘေးကြောင့် ကွယ်လွန်သူများ၏ မိသားစုဝင်များနှင့် ငလျင်ဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဗိုလ်မှူးချုပ် တိုးမြင့်ကျော်က ငလျင်ဘေးကြောင့် တံတားဦးမြို့နယ်မှ ကွယ်လွန်သူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေများကိုလည်းကောင်း၊ငလျင်ဘေးဖြစ်ပွားခဲ့သည့် အိမ်ထောင်စုများအတွက် နိုင်ငံတော်မှ ထောက်ပံ့သည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ တစ်လစာထောက်ပံ့ငွေကျပ် ၃၈၀ ဒသမ ၃၁၆ သန်းအား မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံသို့ လွှဲပြောင်းထောက်ပံ့ခြင်းကိုလည်းကောင်း၊ တံတားဦးခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ငလျင်ဘေးကြောင့် တံတားဦးမြို့နယ်မှ ကွယ်လွန်သူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးကိုလည်းကောင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါ်အိဖြူဖြူနှင်းက ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးကိုလည်းကောင်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ဗိုလ်မှူးချုပ် တိုးမြင့်ကျော်နှင့် တာဝန်ရှိသူများသည် ဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ မန္တလေးငလျင်ကြီးကြောင့် တံတားဦးခရိုင်အနေဖြင့် အိမ်ထောင်စုပေါင်း ၁၈၇၅ စု၊ လူဦးရေပေါင်း ၇၁၈၁ ဦး ငလျင်ဘေးသင့်ခဲ့ပြီး၊လုံးဝပြိုကျပျက်စီးသည့်အိမ်ခြေ ၈၁၆ လုံး၊တစ်စိတ်တပိုင်း ပြိုကျပျက်စီးသည့် အိမ်ခြေ ၁၀၄၅ လုံး၊ စုစုပေါင်းအိမ်ခြေ ၁၈၆၁ လုံး ထိခိုက်ပျက်စီးဆုံးရှုံးခြင်း၊ သေဆုံးသူ၊ ထိခိုက်ဒဏ်ရာရရှိသူများရှိကြောင်း၊ ငလျင်ဘေးကြောင့် ကွယ်လွန်သူတစ်ဦးလျှင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်ငါးသိန်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ငွေကျပ်သုံးသိန်း၊ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၈ သိန်း၊ ငလျင်ဘေးသင့် လူဦးရေပေါင်း ၇၁၈၁ ဦးရှိရာ ပြိုကျပျက်စီးခဲ့သည့် အိမ်ခြေ ၈၁၆ လုံးအား ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးနှင့် စားနပ်ရိက္ခာအနေဖြင့် တစ်လစာအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ၊ ရိက္ခာငါးမျိုးအတွက် တန်ဖိုးငွေကျပ် စုစုပေါင်း ၃၈၀ ဒသမ ၃၁၆ သန်းဖြစ်သည်။

ထို့နောက် ဗိုလ်မှူးချုပ် တိုးမြင့်ကျော်နှင့် တာဝန်ရှိသူများသည် တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး Grade-12 ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ စာသင်ကြားနိုင်ရေးဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၀၉)

## (၇၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေသပ္ပာယ်ခြင်းများ ဆောင်ရွက်

**ညောင်ဦး မေ ၃**



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဝန်ထမ်းများသည် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မေ ၂ ရက် နံနက် ၆ နာရီခွဲမှစတင်ကာ မီးသတ်တပ်ဖွဲ့နေ့ ဗီနိုင်းဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်းရှိ သမိုင်းအထင်ကရဘုရားတို့တွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေသပ္ပာယ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြို့နယ်မီးသတ်စခန်းရှေ့တွင် ဗီနိုင်းဆိုင်းဘုတ်အား ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်ခေါင်းဆောင်တို့မှ ဂုဏ်ပြုဆိုင်းဘုတ်အား စိုက်ထူ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ဆက်လက်၍ ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်း ဦးဆောင်သော ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့်မီးတပ်ဖွဲ့ဝင်များ၊ ပုဂံမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ဖွဲ့အငြိမ်းစားများ၊ ဝံသာနုရက္ခိတအသင်းသား၊ အသင်းသူများက လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီးနှင့် အာနန္ဒာဘုရားကြီးရင်ပြင်တော်ပေါ်နှင့် ပတ်ဝန်းကျင်ရှိ အမှိုက်များအား သန့်ရှင်းရေးပြုလုပ်ခြင်း၊ လိုဏ်အတွင်းရှိ ဆင်းတုတော်များအား ရောင်တော်ဖွင့်ခြင်း၊ ရေသပ္ပာယ်ခြင်းများနှင့် ဘုရားများ ဘက်စုံပြုပြင်နိုင်ရန် နဝကမ္မအလှူတော်ငွေများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ) (၄၈၁)

## ပခုက္ကူမြို့၊ အမှတ်(၁)စည်ပင်သာယာမြို့မဈေးကြီး၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး ဆောင်ရွက်

**ပခုက္ကူ မတ် ၃**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများပူးပေါင်း၍ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို မေ ၂ ရက် နံနက် ၈ နာရီက ပခုက္ကူမြို့၊ အမှတ်(၁)စည်ပင်သာယာမြို့မဈေးကြီး၌ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဝန်ထမ်းများပူးပေါင်း၍ ပခုက္ကူမြို့၊ အမှတ်(၁)စည်ပင်သာယာမြို့မဈေးကြီး အတွင်း၊ အပြင်ရှိ ဈေးရောင်းဈေးဝယ်ပြည်သူများအား သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အန္တရာယ်လျော့နည်းလာစေရေး ပလတ်စတစ်ပစ္စည်းများသုံးစွဲခြင်း မပြုလုပ်ရန်၊ ပလတ်စတစ် အစားထိုးပစ္စည်းများဖြစ်သည့် ငှက်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူများဖြင့်သာ ထုပ်ပိုးရောင်းချခြင်း၊ ဝယ်ယူခြင်းများ ပြုလုပ်သွားရန်၊ လတ်ဆတ်သန့်ရှင်းသော အသား၊ ငါး၊ အသီးအရွက်နှင့် စားသောက်ကုန်ပစ္စည်းများရောင်းချကြရန်နှင့် ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်စေရေး အလေးထားဆောင်ရွက်ကြရန် စသည့် အချက်များကို အသိပညာပေးရှင်းလင်းဟောပြောကြသည်။

ထို့နောက် တာဝန်ရှိသူများက သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များနှင့် ငှက်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူ စသည့် ပလတ်စတစ်ပစ္စည်းအစားထိုးပစ္စည်းများကို ဈေးရောင်း၊ ဈေးဝယ်ပြည်သူများထံ အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(၃၄၀)

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ မေ ၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ယနေ့နံနက် ၁၀ နာရီက ဌာနဆိုင်ရာရုံးများသို့ သွားရောက်၍ အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် အသိပညာပေးလုပ်ငန်းများအား ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ စီစဉ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ဌာနဆိုင်ရာရုံးများတွင် သိုလှောင်ထားသော သောက်သုံးရေကန်များအတွင်းသို့ အဘိတ်ဆေးများခတ်ပေးခြင်း၊ ရုံးအတွင်း၊ အပြင်ရှိ ရေထည့်ထားသည့် ရေစည်၊ ရေအိုးများ



အား ဖုံးအုပ်ထားရန် အသိပညာပေးခြင်း၊ သောက်ရေ၊ သုံးရေအိုးခွက်များ၊ ရေစည်၊ ရေအိုးများ၊ ပန်းအိုးအတွင်းပိုင်းကို ပွတ်တိုက်ဆေးကြော၍ သွန်ပစ်ကြရန်နှင့် ခြင်လောက်လန်းတွေ့သော ရေကို နောက်အိုးတစ်အိုးသို့ ရေစစ်၍ လဲလှယ်ပြောင်းထည့်ခြင်းများ ပြုလုပ်ဆောင်ရွက်ပေးကြရန် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# လျှပ်စီးကြောင့် ပျက်စီးသွားသည့် အိမ်ထောင်စုဇယားနှင့် နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်



**အမရပူရ မေ ၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရ မြို့နယ်ဦးစီးမှူးရုံးမှ လျှပ်ဒဏ် သင့်ပြည်သူများ၏ ပျောက်ဆုံး၊ ပျက်စီးသွားသော အိမ်ထောင်စု ဇယားများနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ နေ့ချင်းပြီးအခမဲ့ ဆောင်ရွက်ပေးခြင်းကို အမရပူရ မြို့နယ် ၊ ငယ်တိုးကျေးရွာအုပ်စုရှိ ဆင်ကာ ဘောလုံးကွင်းလျှပ်ရှောင် ယာယီစခန်းတွင် ယနေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူ များနှင့်ဝန်ထမ်းများ၊ လျှပ်ဒဏ် သင့်ပြည်သူများ တက်ရောက်ကြ သည်။

ဆင်ကာဘောလုံးကွင်း လျှပ် ဒဏ်သင့်ယာယီစခန်းတွင် ငယ်တိုး ကျေးရွာအုပ်စု၊ ငယ်တိုး၊ တလိုင်းစု၊ ဆင်ကာ၊ သာလေစု ကျေးရွာများမှ လျှပ်ဒဏ်ကြောင့်ပျက်စီး၊ ပျောက် ဆုံးသွားသည့် အိမ်ထောင်စုဇယား ၂၀ခု၊ နိုင်ငံသားစိစစ်ရေးကတ် ၅၀ခုတို့ကို အခမဲ့နေ့ချင်းပြီး ဆောင် ရွက်ပေးခဲ့ကြောင်းသိရသည်။

(ဝဲပုံ)

နိုးသီဟ

**မီး သတိပြု။**



# ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်နှင့် ရေလှောင်ကန် သန့်ရှင်းရေးဆောင်ရွက်

**မူဆယ် မေ ၃**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့၏ကြီးကြပ်မှုဖြင့် ယနေ့ နံနက် ၈နာရီတွင် မူဆယ်မြို့ဝင်ဆိုင်းဘုတ် မှ ပြည်ထောင်စုလမ်းမကြီးတစ် လျှောက် လမ်းဘေးဝဲ၊ ယာနှင့် မြို့ ရေပေးဝေရေး ရေလှောင်ကန်အနီး တို့တွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါလုပ်ငန်း အား မူဆယ်မြို့နယ်စည်ပင်သာ ယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး(ဒုတိယညွှန်ကြားရေးမှူး) ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် မူဆယ် မြို့နယ်စည်ပင်သာယာရေးဌာန၊ သန့်ရှင်းရေးဌာနစိတ်၊ ဈေးနှင့်သား သတ်ဌာနစိတ်၊ ပန်းဥယျာဉ်ဌာနစိတ် တို့မှ ဝန်ထမ်းအင်အား ၅၀ခန့်တို့ ဖြင့် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင် ရှင်းလင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အပေါ်ပုံ

(ကဆ)

၀-၀-၀-၀-၀-၀

# ဒေသတွင်း စားသုံးဆီဖူလုံရေး နှမ်းများ စိုက်ပျိုးလျက်ရှိ

**နတ်မောက် မေ ၃**

မကွေးတိုင်းဒေသကြီး၊ နတ် မောက်မြို့နယ်အတွင်းရှိ ဒေသခံ တောင်သူများသည် မြေအောက်ရေ ပေးသွင်း၍ ဒေသတွင်းစားသုံးဆီ ဖူလုံရေး နှမ်းများ စိုက်ပျိုးလျက် ရှိကြောင်း စိုက်ပျိုးသူတောင်သူများ က ပြောသည်။ **(ယာပုံ)**

ကျေးလက်နေပြည်သူများအနေ ဖြင့် ဒေသတွင်းစားသုံးဆီဖူလုံရေး အတွက် နွေ၊ မိုး၊ ဆောင်း ကာလ များတွင် ဆီထွက်သီးနှံတစ်မျိုးဖြစ် သည့် နှမ်းများစိုက်ပျိုးကြကြောင်း၊ မိုးဦးကာလစိုက်ပျိုးသည့် နှမ်းနှင့် အတူ မိုးကောင်းခြင်းကြောင့် ပေါင်း မြက်များ ရှင်းလင်းခပိုမိုကုန်ကျ ကြောင်း၊ ဆောင်းရာသီနှင့် နွေရာသီ ကာလများတွင် မြေအောက်ရေပေး သွင်း၍ စိုက်ပျိုးပြီး ကြောင်းလိုက် ခြင်းကို ပုံမှန်ပြုလုပ်ပေးပါက ပေါင်းမြက်ရှင်းလင်းရန် လုပ်သား ငှားရမ်းခကုန်ကျမှုသက်သာကြောင်း၊ နှမ်းများစိုက်ပျိုးရာတွင် ယခင်ကကဲ့ သို့ကျောင်း(ကြောင်း)စနစ်၊ ကြဲပက် စနစ်ဖြင့် စိုက်ပျိုးကြသူများရှိသလို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာပေးမှုကြောင့် ပေါင်ကြီး တင်စနစ်ဖြင့် နွေနှမ်းများစိုက်ပျိုး လာကြကြောင်း၊ နတ်မောက်မြို့နယ် တွင် မြေအောက်ရေပေးသွင်းခြင်း ဖြင့် နွေနှမ်း ၅၆၉ ဧက စိုက်ပျိုးကြ ပြီး ဘုန်းတော်ပြည့်ကျေးရွာနှင့် အင်းကုန်းကျေးရွာများတွင် ပေါင်ကြီးစနစ်ဖြင့် ၉၅ဧက စိုက်ပျိုး ထားကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့် ချိုထံက သိရသည်။

မှုမှုစန်း



# အခြေခံပညာကျောင်းများ ဖွင့်လှစ်တော့မည်ဖြစ်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



**မင်းဘူး မေ ၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၌ မကြာမီကာလတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံ ပညာကျောင်းများ ပြန်လည်ဖွင့်လှစ် တော့မည်ဖြစ်သဖြင့် စုပေါင်းသန့် ရှင်းရေးပြုလုပ်ခြင်းကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တွင် ယနေ့ နံနက် ၇နာရီက ပြုလုပ် ဆောင်ရွက်ကြသည်။

စုပေါင်းသန့်ရှင်းရေးပြုလုပ် ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် တာဝန်ရှိသူ များက ကြည့်ရှုအားပေးကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရဲ တပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ အရန် မီးသတ်တပ်ဖွဲ့၊ ပတ်ဝန်းကျင်ထိန်း သိမ်းရေးဦးစီးဌာန၊ ဆရာ၊ ဆရာမ များနှင့် ရပ်ကွက်သူ၊ ရပ်ကွက်သား များ ပါဝင်ဆောင်ရွက်ကြသည်။

ထိုကဲ့သို့ မြို့ရွာသန့်ရှင်းသာ ယာလှပစေရေးနှင့် ဘုရားစေတီ ပုထိုးများ၊ သာသနိကအဆောက် အအုံများ၊ ဆေးရုံ၊ စာသင်ကျောင်း များ၊ မြို့တွင်းမြို့ပြင် လမ်းဘေး ဝဲယာများတွင် အမှိုက်သရိုက်၊ ချုံ နွယ်များ ခုတ်ထွင်ရှင်းလင်းကာ၊ ရေနုတ်မြောင်းများ တူးဖော်ခြင်း များကို စနေနေ့တိုင်း ပြုလုပ် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**(အပေါ်ပုံ)**

(၅၀၄)

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၅)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| ကယ်ဂလီယာရီ | ၁ - ၂ | အူဒီးနီးစ် |
| ပါးမား | ၀ - ၁ | ကိုမို |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၂)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| စထရာဘို့ | ၂ - ၁ | ပီအက်စ်ဂျီ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄) အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| အလာဗက်စ် | ၀ - ၀ | အက်သလက်တီကို |
| ဗီလာရီးရဲလ် | ၄ - ၂ | အိုဆာဆူနာ |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၂)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| လိုက်ပဇစ် | ၃ - ၃ | ဘိုင်ယန်မြူးနစ် |
| ဂလာဘတ် | ၄ - ၄ | ဟော့ဖန်ဟိမ်း |
| ယူနီယံဘာလင် | ၂ - ၂ | ဝါဒါဘရီမင် |
| စိန့်ပေါလီ | ၀ - ၁ | စတုဂတ် |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၅)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| ဗီလာ | ၁ - ၀ | ဖူလ်ဟမ် |
| အဲဗာတန် | ၂ - ၂ | အစ်ဆွစ်ချ် |
| လက်စတာ | ၂ - ၀ | ဆောက်သမ်တန် |

## ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ) အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကား မမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်း ကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**


## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ RAIII (ကွက်ပြင်)၊ ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၁၃၄)၊ မြေဧရိယာ(၀ ဒသမ ၉၀)ဧကအကျယ်အဝန်းရှိ ရောင်းချသူ (၃)ဦးပိုင် ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း(၁၂၀×၂၀၀)ပေ၊ (၀ ဒသမ ၅၅) ဧကအကျယ်အဝန်းရှိ ခဲစင်းပြမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံအပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်သူများ ဖြစ်ကြသော ဦးကျော်စိုး၊ ဒေါ်ကြူကြူဝင်း၊ ဒေါ်ရီရီဝင်းတို့မှ ကျွန်ုပ်တို့၏ မိတ်ဆွေထံသို့ လွှဲပြောင်း ရောင်းချရာ ကျွန်ုပ်တို့၏ မိတ်ဆွေကလည်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ကြေညာသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ် တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးမြင့်သိန်းထွန်း(LL.B) | ဒေါ်သီသီအောင် (LL.B) |
| စဉ်(၆၂၉၄/၁၉၉၅) | စဉ်(၄၅၆၄/၁၉၈၈) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

၆၄(A)လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၃၀၆၁၃၉၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင်နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကိုပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ်...

❖ ဒေသတစ်ခုပျက်စီးစေရန်အတွက် လုပ်ဆောင်ကြသူများမှာ အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံအဖျက်သမားအကြမ်းဖက်များပင်ဖြစ်...

❖ အခြားဒေသတွင်နေထိုင်သူများက လာရောက်လုပ်ဆောင်နိုင်ခြင်းမရှိ...

❖ ဥပမာပေးရမည်ဆိုပါက “အရိပ်နေနေ၊ အခက်ချိုးချိုး” ပြုလုပ်နေသူများဖြစ်...

❖ ၎င်းကဲ့သို့အကြမ်းဖက်အဖျက်သမားများကို လူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် နေရာများမှ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အဦများနှင့် အန္တရာယ်ရှိ အဆောက်အဦများကို ဖယ်ရှားရှင်းလင်းနေမှုအား လိုက်လံကြည့်ရှု






**မန္တလေး မေ ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် နေရာများမှ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အဦများနှင့် အန္တရာယ်ရှိ အဆောက် အဦများအား ဖယ်ရှားရှင်းလင်းနေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထိုသို့ ကြည့်ရှုရာတွင် ချမ်းမြသာစည်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်(မန္တလေး)နှင့် သူနာပြုသင်တန်းကျောင်း(မန္တလေး)သို့ သွားရောက်၍ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အဦများအား လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများအား ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နေပါကြောင်း၊ ပညာသင်ကြားရေးတွင် အဆင်ပြေချောမွေ့စေရန် ကျောင်းဖွင့်အမီ အဆင်သင့်ဖြစ်စေရေး၊ ပြန်လည်ပြုပြင်မွမ်းမံ၍ရသည့် အဆောက်အဦများကို အမြန်ဆုံးပြုပြင်မွမ်းမံဆောင်ရွက်သွားရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးကို ထည့်သွင်းတွက်ချက်ကာ သတ်မှတ်အရည်အသွေးများနှင့် ပြည့်မီရေး စနစ်တကျ ကြပ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ငလျင်ဒဏ်ကြောင့် ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀ နှင့် ၇၆ လမ်းထောင့်ရှိ ထိခိုက်ပျက်စီးသွားသော အန္တရာယ်ရှိ အဆောက်အဦအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရန် စနစ်တကျပြုလုပ်ဆောင်ရွက်သွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက် မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရ၊ သေဆုံးသူများ ဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီကယ်ဆယ်ရေးအသင်း/အဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့် တစ်ပြေးညီဆောင်ရွက်လျက်ရှိ ကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အန္တရာယ်ရှိ အဆောက်အဦများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ လိဂ်ချန်ပီယံရှစ် ချန်ပီယံဆုကို လိဒ်စ်အသင်း ဆွတ်ခူး

**လန်ဒန် မေ ၃**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ လိဂ်ချန်ပီယံရှစ် ချန်ပီယံဆုကို လိဒ်စ်အသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

လိဒ်စ်အသင်းသည် ယခုနှစ် ဘောလုံးရာသီ လိဂ်ချန်ပီယံရှစ် ပွဲစဉ်အားလုံးကစားအပြီးတွင် ရမှတ် ၁၀၀ မှတ်ဖြင့် အဆင့် ၂ နေရာမှ ဘန်လေအသင်းအား ရမှတ်တူ ဂိုးကွာခြားချက် အသာဖြင့် ချန်ပီယံဆုအား ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

လိဒ်စ်အသင်း လိဂ်ချန်ပီယံရှစ်ချန်ပီယံဆု ရယူနိုင်ခဲ့ခြင်းကြောင့် အသင်းပရိသတ်များကလည်း တစ်ခဲနက် အောင်ပွဲခံခဲ့ကြသည်။

လိဒ်စ်အသင်းထုတ်ပြန်ချက်တွင် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီလိဂ်ချန်ပီယံရှစ် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိဂုဏ်ယူမိပါတယ်။ “အခုလို ချန်ပီယံဆုရရှိအောင် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ အသင်းကစားသမားတွေနဲ့ နည်းပြအဖွဲ့ဝင်တွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်”ဟု ထုတ်ပြန်သည်။

(NGB)

0-0-0-0-0